မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၂၈)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၅ ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့်ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိအဂ္ဂမဟာပဏ္ဍိတသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၁၈ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီး ၂ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁** ★



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဘိလပ်မြေတက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေတက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြာ၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းမျို အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေတက်ရုံ(တန်–၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၂၂
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၃၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေတက်ရုံ(တန်–၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၂ ရက်)

ပြည်သူများအတွက် မြန်မာ့မီးရထား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်လျက်ရှိရာတွင် ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့် အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများကိုယ်တိုင်က ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဖျက်သမားဆိုသည်မှာ အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်နေသူများဖြစ်သည့်အတွက် အဖျက်သမားကင်းစင်ပပျောက်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများခရီးသွားလာမှုလုံခြုံချောမွေ့စေရေး၊ သက်သက်သာသာဖြင့် အချိန်တိုအတွင်းသွားလာလွယ်ကူနိုင်ရေးကို အစဉ်ရှေးရှုကာဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကုန်ဈေးနှုန်းများကျဆင်းရေးတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍသည်လည်း အဓိကအဖြစ်ပါဝင်သည့်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရထားပို့ဆောင်ရေးကဏ္ဍမှ ထိရောက်စွာအထောက်အကူပြုနိုင်စေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှတောင်ငူအထိ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့်(၁)ကို ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့ပြင် တောင်ငူမှနေပြည်တော်-သာစည်-မန္တလေးလမ်းပိုင်းတွင်လည်း နိုင်ငံတော်မှခွင့်ပြုသည့် ဘဏ္ဍာငွေဖြင့် လမ်းပိုင်းပိုမိုကြံ့ခိုင်ကောင်းမွန်စေရေး၊ ခေတ်မီအချက်ပြစနစ်များ တပ်ဆင်အသုံးပြုရေးတို့ကိုစီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ရထားလမ်းနှင့်တံတားများကြံ့ခိုင်မှုပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ်ပိုမိုခေတ်မီလာခြင်းများနှင့်အတူ ခေတ်မီစက်ခေါင်းနှင့်လူစီးတွဲများအသုံးပြုလာနိုင်ပြီဖြစ်သည်။ ထိုသို့ အသုံးပြုလာနိုင်ခြင်းအားဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတစ်ခုလုံး၌ ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြေးဆွဲချိန်ကိုသိသိသာသာလျှော့ချနိုင်ပြီဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက် တပ်ဆင်ထားသည့် DEMU တွဲဆိုင်းသစ်ဖြင့် အမှတ်(၇)အဆန်၊ အမှတ်(၈)အစုံ အမြန်ရထားခရီးစဉ်သစ်ကိုလည်းကောင်း၊ နေပြည်တော်-မန္တလေးလမ်းပိုင်း၌ ခေတ်မီလေအိတ်လူစီးတွဲများဖြင့် အမှတ်(၂၇)အဆန်၊ အမှတ်(၂၈)အစုံ ရထားခရီးစဉ်သစ်ကိုလည်းကောင်း ဖေဖော်ဝါရီလ ၂၈ ရက်မှစတင်၍ တိုးချဲ့ပြေးဆွဲပေးနေပြီဖြစ်သည်။

အဆိုပါ ခေတ်မီလေအေးပေးစက်ပါ DEMU ရထားများနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင်ရထားကူးပြောင်းလျက် ရန်ကုန်-မန္တလေးတို့သို့ ခရီးစဉ်အစအဆုံးလိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ယခင်က ရန်ကုန်မှမန္တလေးအထိပြေးဆွဲချိန် စုစုပေါင်း ၁၉ နာရီခန့် ကြာမြင့်ခဲ့သည်။ ယခုအခါလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ်သို့ အဆင့်မြှင့်တင်အသုံးပြုလာနိုင်ခြင်း၊ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲဆိုင်းများ အသုံးပြုလာနိုင်ပြီဖြစ်ခြင်းတို့ကြောင့် ရထားအမြန်နှုန်းတိုးမြှင့်ပေးကာ ရန်ကုန်-နေပြည်တော်ခရီးစဉ်တွင် ၅ နာရီမိနစ် ၃၀ နှင့် နေပြည်တော်-မန္တလေးခရီးစဉ်တွင် ၅ နာရီ၊ နေပြည်တော်၌ ရထားကူးပြောင်းချိန်မိနစ် ၃၀ စုစုပေါင်း ၁၁ နာရီခန့်ဖြင့် ပြေးဆွဲချိန်ကို သိသာစွာလျှော့ချလျက် ရထားစီးခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏စေတနာ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှု၊ မြန်မာ့မီးရထားဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်နေမှုတို့အပေါ် ခရီးသွားပြည်သူများအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ရင်တွင်းစကားသံများကိုလည်း ပြည်သူများမြင်တွေ့ကြရပြီးဖြစ်သည်။ မြန်မာ့မီးရထားသည် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ယခုတိုးချဲ့ပြေးဆွဲပေးသည့် ရထားခရီးစဉ်များအပြင် မူလပြေးဆွဲပေးနေသည့် အမှတ်(၁၁)အဆန်၊ (၁၂)အစုံ အမြန်လူစီးရထားခရီးစဉ်များကိုလည်း ပြေးဆွဲချိန် ၁၃ နာရီ ၁၅ မိနစ် အချိန်စာရင်းအသစ်ဖြင့်ပြေးဆွဲလျက်ရှိပြီး မကြာမီတွင် ပြေးဆွဲချိန်ထပ်မံလျှော့ချနိုင်ရေး စီစဉ်လျက်ရှိကြောင်းသိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် ခရီးစဉ်များအတွင်း ဂုဏ်သိက္ခာရှိစွာ လိုက်ပါစီးနင်းကြရန်ဖြစ်သည်။ ရထားတွဲများအစဉ်အမြဲသန့်ရှင်းနေစေရေးကို ဝန်ထမ်းများကဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများကကူညီမှုပြုကြရမည်ဖြစ်သည်။ နိုင်ငံတော်ပိုင်ပစ္စည်းမှန်သမျှမှာ အများပြည်သူတို့ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်သည်။

မိမိတို့ပိုင်ဆိုင်သောပစ္စည်းကိုကာကွယ်စောင့်ရှောက်ရန်မှာ ပြည်သူအားလုံးတွင်လည်း တာဝန်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရထားတံတား/သံလမ်းများမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဘူတာအဆောက်အအုံနှင့်ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများမှာ လွန်စွာအောက်တန်းကျလှသည့် လုပ်ရပ်များဖြစ်သည်။ နိုင်ငံတော်အစိုးရကအကောင်းမွန်ဆုံးဖန်တီးပေးနေသည့် လုပ်ဆောင်ချက်များကို ထိန်းသိမ်းရန်ဖြစ်သကဲ့သို့ အဖျက်သမားတို့ရန်မှကာကွယ်နိုင်ရေးကိုလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် အတူ ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မြဝတီ ခနဲ့စဉ်
Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ခေါ်နီလာအောင်၊ ခေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ခေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ခေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၀၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC) အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC)အဖွဲ့၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IFRC အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ရှုးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်လူနာညွှန်းပို့ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများ လျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ နိုင်ငံကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)နှင့် မူပိုင်ခွင့်ဦးစီးဌာန (ရုံးချုပ်)တို့မှ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ နေပြည်တော်စားသုံးသူရေးရာကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထားကျင်းပလျက်ရှိကြပြီး ယခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့၏ ဆောင်ပုဒ်မှာ “လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့” ဆိုသည့် ဆောင်ပုဒ်ကို ကမ္ဘာ့စားသုံးသူသမဂ္ဂမှ ရွေးချယ်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူအခွင့်အရေးများကို သိရှိမှသာ မိမိတို့ရရှိမည့် အခွင့်အရေးများကို သိရှိတောင်းဆိုနိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်တွင် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်နှင့် စိတ်ကျေနပ်မှုရရှိစေရေးအတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းပေးနိုင်စေရန် စားသုံးသူရေးရာဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် လူနေမှုဘဝအစဉ်တည်တံ့စေရန် အတွက်မျှတသော အသွင်ကူးပြောင်းရာတွင် ပါဝင်သူအားလုံး အခွင့်အရေး တန်းတူအညီအမျှရရှိစေရန်နှင့် အကျိုးကျေးဇူး ခံစားနိုင်ရန် ဆောင်ပုဒ်နှင့်အညီ စားသုံးသူပြည်သူများအားလုံး အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှညွှန်ကြားရေးမှူးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ဆိုင်ရာများကိုလည်းကောင်း၊ မူပိုင်ခွင့်ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူးက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် ကုန်အညွှန်းအမှတ်အသားဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု Video Clip ပြသပြီး စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ဂုဏ်ပြုသီချင်းဖြင့် တေးသရုပ်ဖော်အက၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ခေါင်းစဉ်ဖြင့် သရုပ်ဖော်အကများဖြင့် တင်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည်နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ နေပြည်တော်ဒေသထွက် MSME ထုတ်ကုန်များတွင် FDA ထောက်ခံချက်နှင့် ကုန်အညွှန်း အမှတ်အသား ဖော်ပြမှုစစ်ထားသော ကုန်စည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC) ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် IFRC က မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ၏လုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးကူညီပံ့ပိုးမှု အခြေအနေများနှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ပိုမိုပေးအပ်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ MRCS ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Nadia Khoury နှင့် IFRC နှင့် MRCS တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

၁၁-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ်ဖြစ်**သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို မြိမ်းခြောက်ခြင်း။ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ထိုအချိန်၌ ကျွန်ုပ်တို့၏ ငွေရေးကြေးရေးအခြေအနေမှာ မဟန်လှချေ။ ရသမျှကို ဟုတ်တိပတ်တိမစုဆောင်းဘဲ ခပ်ပေါပေါသုံးလာခဲ့သည့်အထဲတွင် ခွင့်တစ်လရသည့်အတွင်း ကလည်း ခရီးလှည့်လည်ခဲ့ကြခြင်းကြောင့် လက်ကျန်ငွေ ပြောင်သလောက်ဖြစ်နေလေပြီ။ မိဘများ၏လက်ဝယ်၌ ဆိုင်ကလေးရောင်းခဲ့သည့်ငွေလေးရှိခြင်းကို ကျွန်ုပ်သိသော်လည်း အကူအညီမတောင်းဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်၏ . . ."

ယမန်နေ့မှအဆက်

ဦးဘဖေကား ကျွန်ုပ်၏ဝတ္ထုများကို 'စျေးနှိမ်'သည် ထင်ကတည်းက 'လင်သေကြွေးပူ'ရှာသော စီးပွားရေးသမားကြီး တစ်ယောက်ဖြစ်သည်။ ပညာသည် တစ်ယောက်ကို ချီးမြှောက်လိုသူမဟုတ်ဟု ဆုံးဖြတ်ကာ လေးစားမှုနည်းပါးခဲ့ပါသည်။ (ဦးလှဖေထွက်သွားသည့်နောက် ကျွန်ုပ်၏ ဝတ္ထုစာမူများနှင့်ပတ်သက်၍ ဦးဘဖေနှင့် တစ်ပတ်ကျော့ ပြန်ဆက်ရသည်တွင် စာမူကိုဖြန့်ကြည့်ပြီး စာတစ်ကြောင်းတွင် စာလုံးပေါင်းမည်မျှပါဝင်သည်ဟု တစ်လုံးစီ ရေတွက်ကြည့်ခြင်းကိုလည်း ကျွန်ုပ်မြင်ရဖူးပါသည်။ သို့သော် ဦးဘဖေသည် ထိုအချိန်တွင် ကျွန်ုပ်နှင့် အတော်အတန်အကျွမ်းဝင်လျက်ရှိပြီဖြစ်၍ ကျွန်ုပ်အား ကျီစယ်သောသဘောဖြင့် ပြုလုပ်ခြင်းလည်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်ကမူ 'ခဲမှန်ဖူးသောစာသူငယ်'ဆိုတိသို့ စျေးနှုန်းနှင့်ပတ်သက်လာလျှင် ဦးဘဖေကို လန့်၍ သာနေပါတော့သည်။) ဦးလှဖေကား ကျွန်ုပ်၏ဝတ္ထုစာမူကို ၂၀၀ ကျပ်မှ ၆၀၀ ကျပ် အထိ တိုးပေးဖူးသူဖြစ်၍ တိုက်အုပ်ပင်ဖြစ်သော်လည်း ပညာသည်ကို ညှာတာတတ်သည်ဟု ကျွန်ုပ်နားလည်ပါသည်။ ထို့ပြင် ရိုးဖြောင့်တည့်မတ်ခြင်း၊ တရားမျှတခြင်း၊ (အနည်းငယ်ဟန်ကြီးသည်ထင်ရသော်လည်း) တိုက်အုပ်ပီသသောကာယိန္ဒြေရှိခြင်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာစလုံးကို ကျကျနနရေးတတ်ခြင်း၊ (ဦးမေအောင်လက်အောက်၌ အင်္ဂလိပ်လိုထုတ်သော Burman ဘားမင်းသတင်းစာတွင် အယ်ဒီတာလုပ်ခဲ့ဖူးသည်။) သိက္ခာသမာဓိရှိ၍ လူကြီးပီသခြင်း၊ စိတ်သဘောထားကြီးပုံရခြင်း၊ အလုပ်သမားတစ်ယောက်ကို ဖိ၍မခိုင်းခြင်း၊ စာအုပ်တော်တော်များများဖတ်ဖူးသည့် စာပေသမားတစ်ယောက်ဖြစ်ခြင်း အစရှိသော ဂုဏ်အင်္ဂါအရည်အချင်းတို့နှင့် ပြည့်စုံသော လူကြီးတစ်ယောက်ဟူ၍ ကျွန်ုပ်ကိုယ်တိုင် ယုံကြည်ရုံသာမက ကျွန်ုပ်၏မိဘများနှင့်တကွ တွေ့သမျှသော ကျွန်ုပ်၏မိတ်သင်္ဂဟအပေါင်းတို့အားလည်း အားရပါးရပြောပြလေ့ရှိ၏။

မန္တလေးမြို့၌ စီအီးအိုအဖြစ်နှင့် အမှုထမ်းသွားဖူးသည့် ကျွန်ုပ်၏ဆရာ ဦးဘလှိုင်နှင့် သူရိယတိုက်အုပ် ဦးလှဖေသည် ကျွန်ုပ်တွေ့ဖူးသောလူများအနက်တွင် အရိုးဖြောင့်ဆုံးနှစ်ယောက်ဟူ၍ အမှတ်သညာထားခဲ့ပါသည်။ ဦးလှဖေသည် ကျွန်ုပ်အား အပြစ်ရှိသည်ဆို၍ ရိုးရိုးနည်းဖြင့် ဖြုတ်ပစ်ပါမူကား ကျွန်ုပ် ဘာမျှပြောစရာမရှိပါ။ ယခုမှာ မလိမ့်တပတ်နည်းမျိုးဖြင့် ဝန်ခံခိုင်းပြီးမှဖြုတ်သည်ဟု ကျွန်ုပ်ယူဆမိသောအခါတွင် လောကၠ၌ လူဟူသည်မှာ တစ်ယောက်မျှ ယုံကြည်စရာမရှိဟူသော ထင်မြင်ချက်တစ်ခုရောက်လာ၍ ကျွန်ုပ်၏သဘာဝတွင် အတော်ထက်မြက်ခိုင်မာသော 'ဆူး' ကြီးတစ်ချောင်း ပေါက်လာခဲ့ပြန်ပါသည်။ ဤဆူးမှာ ကြီးပြင်းလာသောအခါမှ ပေါက်လာသောဆူးဖြစ်သည့် အတွက်ကြောင့် အတော်ရင့်မာ၍ ထက်မြက်ပုံရပါသည်။

ဝတ္ထုရေးစားဖို့ အကြံ

ကျွန်ုပ်အား အလုပ်ဖြုတ်လိုက်ခြင်းကို ဆရာလွန်းကိုယ်တိုင် အိမ်သို့လာ၍ ပြောသောအခါ ဆရာလွန်းက "မောင်ဖေသိန်းရာ မင်းကို သူရိယတိုက်တစ်ခုတည်းမှာ လုပ်စားဖို့ မင်းအမေက မွေးထားတာ မဟုတ်ပါဘူးကွာ"ဟုပြော၏။ ကျွန်ုပ်လည်း သဘောပေါက်ပါ၏။ ကျွန်ုပ်၏စိတ်၌ ထိခိုက်ခြင်းမှာ ဝမ်းရေးအတွက်မဟုတ်။ မိဘနှစ်ပါးတို့ကို ခေါ်လာခဲ့ရာတွင်မှ ဖြစ်ရသောကြောင့် ကျွန်ုပ်အတွက် ရုက်လည်း ရုက်၍ မိဘများကိုလည်း သနားသည်တစ်ကြောင်း၊ ကျွန်ုပ် အလွန်ကြည်ညိုသော တိုက်အုပ်ဦးလှဖေက မလိမ့်တပတ် ပြောပြီး ဖြုတ်ပစ်သည်ဟုထင်သည်တစ်ကြောင်းကြောင့် ဝမ်းနည်းမိခြင်းဖြစ်ပါသည်။ သို့သော် မည်သည့်ကိစ္စအတွက်ဖြစ်စေ ကြာရှည်စွာစိတ်မညစ်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း လေးငါးရက်မျှ အနားယူပြီးနောက် အလုပ်ထွက်၍ရှာပါသည်။ တစ်နေ့တွင် ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ကြည့်မြင်တိုင်မှ ရန်ကုန်သို့ထွက်လာခဲ့၍ ယခင်က ဝတ္ထုရေးပေးဖို့ပြောဖူးသော ပုံနှိပ်တိုက်များသို့ ဝင်၍ စကားစပ်၏။ ပုံနှိပ်တိုက်သားများသည် ကျွန်ုပ်၏ဝတ္ထုများ စွဲခြင်းကိုသိ၍ သူတို့အတွက်ရေးပေးရန် ဟိုကပြော၊ သည်ကပြောနှင့် တိုက်တွန်းကြဖူးရာ ကျွန်ုပ်မှာ သူရိယမဂ္ဂဇင်းအပြင် မြန်မာ့ဗျူဟာ ဂျာနယ်တစ်ခုလုံးအတွက်လည်း တာဝန်ယူထားရသည်ဖြစ်သောကြောင့် လက်မခံဘဲ လှန်၍ပစ်လိုက်ရသည်ချည်း ဖြစ်ခဲ့၏။ ထိုနေ့၌ ပထမပုံနှိပ်တိုက်သို့ဝင်သွားသောအခါ ပုံနှိပ်တိုက်ပိုင်ရှင်က ကျွန်ုပ်အကြောင်းကိုကြား၍၊ ဝမ်းနည်းကြောင်းပြော၏။ ဝမ်းနည်းသည်ဟုသာ ပြောသည်၊ သူ၏ မျက်နှာထားကား လှိုက်လှဲသောအမူအရာ မရှိလှချေ။ ဤတွင် ကျွန်ုပ်သည် လာခဲ့သောကိစ္စအကြောင်းကို မပြောတော့ဘဲ နှုတ်ဆက်၍ ထွက်လာခဲ့၏။ ဒုတိယအိမ်သို့ဝင်သွားသောအခါ ထိုလူမှာ ပုံနှိပ်တိုက်ပိုင်ရှင်တစ်ယောက်ကား မဟုတ်၊ သို့သော် မြတ်လိမ့်မည်အထင်နှင့် ကျွန်ုပ်၏ ဝတ္ထုစာမူကိုဝယ်ပြီး ရိုက်နှိပ်ရောင်းဖို့ စိတ်ကူးဖြင့် 'စာမူ' တောင်းဖူးသူ ဖြစ်လေသည်။ သူကလည်း ဝမ်းနည်းစကားပြောလေရာ ပထမလူထက် လှိုက်လဲပုံရသည်နှင့် ကျွန်ုပ်က ဝတ္ထုစာမူအကြောင်း စုံစမ်း၏။ ထိုလူကမူ ပစ်ပစ်ခါခါတော့ မပြော။ သို့သော် ယခင်က ပေးပါမည်ဆိုဖူးသောနှုန်း၏ ထက်ဝက်မျှသာပေးချင်တော့သည်။ ကျွန်ုပ်သည် ဤအခြေအနေတွင် တစ်အိမ်တက်ဆင်းမလုပ်ချင်တော့သည်နှင့် သူပြောသည့်နှုန်းအတိုင်းပင် လက်ခံ၍ စရန်ငွေ ၅၀ ကျပ် ယူလာခဲ့ပြီး လျှင် ဝတ္ထုတစ်ပုဒ်စီ၌ ရေးပါသည်။

ဒေါသဖြစ်စရာ

ထိုအချိန်၌ ကျွန်ုပ်တို့၏ ငွေရေးကြေးရေးအခြေအနေမှာ မဟန်လှချေ။ ရသမျှကို ဟုတ်တိပတ်တိမစုဆောင်းဘဲ ခပ်ပေါပေါ သုံးလာခဲ့သည့်အထဲတွင် ခွင့်တစ်လရသည့်အတွင်းကလည်း ခရီးလှည့်လည်ခဲ့ကြခြင်းကြောင့် လက်ကျန်ငွေ ပြောင်သလောက်ဖြစ်နေလေပြီ။ မိဘများ၏လက်ဝယ်၌ ဆိုင်ကလေးရောင်းခဲ့သည့် ငွေလေးရှိခြင်းကို ကျွန်ုပ်သိသော်လည်း အကူအညီမတောင်းဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်၏။ မိခင်က "ငါတို့မှာ နည်းနည်းပါးပါး ပါသေးတယ်"ဟု ပြောခြင်းကိုပင် ကျွန်ုပ်လက်မခံဘဲ "ကိစ္စမရှိပါ"ဟု ပြောထား၏။ ဤအတောအတွင်း ကျွန်ုပ်သည် ဝတ္ထုတစ်ပုဒ်ကို ကြိုးစားပမ်းစားရေးလျက်ရှိ၏။ သို့ရာတွင် စိတ်မကြည်သာမှုကြောင့် ထင်သလောက်မပေါက်ဘဲ ရှိနေ၏။ စရန်ငွေ ၅၀ ကျပ်အနက်မှ အိမ်လခ ၃၀ ကျပ်ပေးလိုက်ရသောကြောင့် ၂၀ ကျပ်မျှသာ စားဖို့ကျန်ရာ မည်မျှလောက်ချွေတာစေကာမူ ၁၀ ရက်အတွင်း ကုန်ချေတော့မည်။ သို့ရှိစဉ် ကျွန်ုပ်သည် ကိစ္စတစ်ခုနှင့် ရန်ကုန်သို့သွား၍ အိမ်သို့ ပြန်ရောက်လာရာတွင် မိဘများ မျက်နှာမကောင်းကြဟု ထင်မိ၏။ အိမ်ပေါ်သို့ တက်၍ အခြေအနေကိုကြည့်လိုက်ရာတွင် မိဘများအိပ်သော ကျွန်းခုတင်ကြီး မရှိတော့ဘဲ အိပ်ရာများမှာ ကြမ်းပေါ်၌ခင်းထားခြင်းကို တွေ့ရ၏။ ဇနီးသည်အား မေးသောအခါ သူ၏ညီမသို့ ငွေ ၃၀ ကျပ် ဖြင့် ရောင်းလိုက်ကြောင်း ပြောပြလေသည်။ ကျွန်ုပ်ဒေါသထွက်လိုက်ပုံမှာ ဇနီးအား တစ်ပိုင်းစီတစ်ဖဲ့စီ လုပ်ပစ်လိုက်ချင်သည်။

မကြံဖူးသည့်ဒေါသ

ဖြစ်ရပုံကား ဤသို့တည်း။ မိဘများအိပ်သော ဤခုတင်မှာ အပိုလည်းဖြစ်၍ အိမ်လည်းရှုပ်သည်ဆိုကာ ခွင့်မသွားမီက ရောင်းဖို့ပြောဖူးထားခြင်းကား မှန်သည်။ သို့ရာတွင် ယခုမူ မိဘများ အိပ်နေကြရသဖြင့် အပိုမဟုတ်တော့သည့်ပြင် ကျွန်ုပ်ရန်ကုန်သို့ သွားနေသည့်အခိုက်တွင်မှ ရောင်းပြီး၊ ဖြုတ်ပြီး၊ ရွှေ့ပြောင်းပြီး၊ ငွေချေပြီး ဖြစ်ရချေသလောဟု ကျွန်ုပ်ဒေါပွခြင်းဖြစ်လေသည်။ မည်သူ့အား ရောင်းလိုက်သနည်းဟု မေးသောအခါ သူ့ညီမသို့ ရောင်းလိုက်သည်ဟု ပြော၏။ ဤတွင် ကျွန်ုပ်သည် အနည်းငယ်စိတ်သက်သာရာရ၍ "ဟာ ဒါဖြင့် တော်ပါသေးတယ်၊ ငွေပြန်ပေးရုံ ရှိတာပေါ့" ဟု ပြောရာတွင် ဇနီးက အရောင်းအဝယ်ပြုလုပ်ပြီးဖြစ်၍ ကိစ္စပြီးပြတ်နေသဖြင့် ငွေပြန်ပေးရန် မဖြစ်နိုင်ကြောင်းပြော၏။ ကျွန်ုပ်က တခြားလူမဟုတ်၊ ကိုယ့်ညီမဖြစ်၍ ရအောင်ယူပေးရမည်ဟုပြောရာ ဇနီးက မဖြစ်နိုင်ကြောင်းနှင့် 'ဘူး'ခံလျက်ရှိ၏။ မိဘများအိပ်နေကြသောခုတင်ကို ကျွန်ုပ် မရှိခိုက်တွင် ရောင်းလိုက်ခြင်းအတွက် ဒေါသဖြစ်ခြင်းသည် ဘာမျှမဟုတ်သေး။ သူ့ညီမထံမှ ပြန်ယူ၍မဖြစ်နိုင်ဟု ပြောလိုက်သောအခါ၌ ထွက်လာသောဒေါသမှာမူကား လူတစ်ယောက်လုံးကို အစိမ်းလိုက်ကိုက်စားချင်လှသည်။ ကျွန်ုပ်သည် ဇနီးအား တစ်စုံတစ်ခုပြုလုပ်မည့် အကြံပေါ်လာ၏။ သို့သော် ဤထက် အရာရောက်သောနည်းရှိသည်ဟု ချက်ချင်းသတိရ၍ ဒေါသကို ချုပ်တည်းလိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

ရွှေသဲကုန်းဓမ္မစကူးလ်၏ သတ္တမအကြိမ်မြောက် သင်တန်းဆင်းအောင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

သဲကုန်း မတ် ၁၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ရွှေသဲကုန်းဓမ္မစကူးလ်၏ သတ္တမအကြိမ်မြောက် သင်တန်းဆင်းအောင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မတ်လ ၉ ရက်က သဲကုန်းမြို့ ပေါက်တောရပ် တပ်မင်္ဂလာတိုက်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဧည့်ပရိသတ်အပေါင်းနှင့် ဒါယကာ၊ ဒါယိကာမတို့က ရွှေသဲကုန်း ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဩဝါဒါစရိယ တပ်မင်္ဂလာတိုက်ကျောင်း ဆရာတော် ဦးဝါဃမထံမှ ငါးပါးသီလခံယူဆောက် တည်ကြသည်။ ဆက်လက်၍ သဲကုန်းမြို့နယ် သံဃာ့နာယကဥက္ကဋ္ဌဆရာတော် ဦးဩသဓက အဖွင့်ဩဝါဒကထာမြွက်ကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့ကြသည့် ဓမ္မစကူးလ် သင်တန်းသား၊ သင်တန်းသူများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များနှင့် အမှတ်တရ လက်ဆောင်များ အသီးသီးချီးမြှင့်ပေးအပ်ကြပြီး ဓမ္မစကူးလ်ကော်မတီ အတွင်းရေးမှူး အရှင်ဣန္ဒကက ဝမ်းမြောက်ကြောင်းစကား မြွက်ကြားချီးမြှင့်သည်။

ဆက်လက်၍ နိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့နယ်သာသနာရေး ဦးစီးဌာန ဦးစီးမှူး ဦးစောငြိမ်းသောင်း၊ ရွှေသဲကုန်းဓမ္မစကူးလ် ကော်မတီတာဝန်ခံ ဆရာတော်နှင့် ရွှေသဲကုန်းဓမ္မစကူးလ် ကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါနိဗ္ဗာန်ဈေးပွဲတော်တွင် သဲကုန်းမြို့နယ်အတွင်းရှိ အလှူရှင်များ လှူဒါန်းသော ကော်ဖီ၊ လက်ဖက်ရည်နှင့်ဖျော်ရည်များ၊ မြန်မာ့ရိုးရာမုန့်များ၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော် စသည့်စားသောက်ဖွယ်ရာများပါရှိပြီး မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဓမ္မစကူးလ်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ချမ်းမြေ့

◆ ကျေးဇူးမှအဆက်

ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအပေါ် တရုတ်နိုင်ငံမှအပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အိမ်မဲမြို့နယ်၌ မြေပဲ ဖျာ၃၂ ကော စိုက်ပျိုးပြီးစီး

အိမ်မဲ မတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်မြေပဲ ဖျာ၃၂ ကော စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲလျာထား၈က ၅၇၃၂ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဖျာ၃၂ ကော စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြေပဲများ လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲကို ဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုးပြီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံတွေအခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံအားလုံး အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားရောဂါကင်းရှင်းစေဖို့ ဆောင်ရွက်ပေးပါတယ်” ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်လင်း

ပခုက္ကူတက္ကသိုလ်၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကျင်းပ

ပခုက္ကူ မတ် ၁၁

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ပခုက္ကူတက္ကသိုလ် ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဝေဠုအောင်က ကမ္ဘာ့စားသုံးသူရေးရာအခွင့်အရေးများနေ့ဖြစ်ပေါ်လာပုံ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုများကို တိုက်ရိုက်သုံးစွဲသူပြည်သူများ ရရှိခံစားနိုင်မည့်အကျိုးကျေးဇူးများ၊ စားသုံးသူပြည်သူများ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များကိုလည်းကောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေးက အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာများ၊ ကုန်အညွှန်းအမှတ်အသားများ၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော စားသောက်ကုန်ပစ္စည်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားကြပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ဆိုင်ရာ အသိပညာပေးဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များ၊ သင်တန်းရေးရာနှင့် စီမံရေးရာဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း


၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၁

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ထားသည့် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများကို အခြေခံပြီး ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်းမကြည့်ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၊ အနာဂတ်တွင် အကောင်အထည်ပေါ်လာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး နိုင်ငံရေးနှင့်ယှဉ်တွဲ၍ နိုင်ငံရေးနှင့်စီးပွားရေးပေါင်းစပ်ကာ ဆောင်ရွက်ကြရန် အဖွဲ့ဝင်များကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိကအလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြကြောင်း၊ ထိုသို့ ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

မိမိ၏ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု၌ မိမိတို့ ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ချက်ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် ပို့ကုန်တိုးမြှင့်နိုင်ရေးသည် အဓိကဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံမှုများ စည်းရုံးဖိတ်ခေါ်ရာတွင် နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုအား ဦးစားပေးဖိတ်ခေါ်စေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်အပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဇွန်လမှ ဇန်နဝါရီလအထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၄၆၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၂၈၄ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏကို ကြည့်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၇၅ သန်း ရှိခဲ့ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများရှိ အထူးစီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းနေသေးကြောင်း၊ သို့ဖြစ်၍ သီလဝါအထူးစီးပွားရေးဇုန်၏စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဇုန်၏အခြေအနေ၊ ပတ်ဝန်းကျင်အနေများကို အမြဲတမ်းစိစစ်သုံးသပ်၍ မိမိအထူးစီးပွားရေးဇုန်ပိုမိုတိုးတက်လာအောင် ပို့ကုန်နှင့်သွင်းကုန်များ၏ လိုငွေပြမှုကို အတတ်နိုင်ဆုံးနည်းပါးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

❖ မိမိ၏ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု၌ မိမိတို့ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ချက်ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် ပို့ကုန်တိုးမြှင့်နိုင်ရေးသည် အဓိကဖြစ်၊ အထူးစီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံမှုများ စည်းရုံးဖိတ်ခေါ်ရာတွင် နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုအား ဦးစားပေးဖိတ်ခေါ်စေလို . . .

❖ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိ၊ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင်သကဲ့သို့ အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ်၊ နိုင်ငံ၏စီးပွားရေးကိုလည်း များစွာအထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .

အလားတူ **အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်များကို ဦးစားပေးထုတ်လုပ်မည့်လုပ်ငန်းရှင်များကို ရွေးချယ်ဖိတ်ခေါ်ရန်လို**ကြောင်း၊ လက်ရှိသီလဝါအထူးစီးပွားရေးဇုန်တွင် တင်သွင်းမှုနှင့် တင်ပို့မှုကို ကြည့်မည်ဆိုပါက တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများတွင် အများဆုံး လယ်ယာသုံးစက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများထုတ်လုပ်ရန် ကုန်ကြမ်းများ၊ ကားကုန်ကြမ်းအပိုပစ္စည်းများ၊ စည်သွတ်ဘူးထုတ်လုပ်အပိုင်းတွင်လည်း တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင်မိမိတို့၏ MSME လုပ်ငန်းက မည်မျှသွင်းကုန်အစားထိုးပေးနိုင်မည်ကို တစ်ဖက်ကလည်း MSME လုပ်ငန်းများနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပသွင်းကုန်အစားထိုးပြည်တွင်း MSME များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျော့ကျအောင်၊ ပြည်ပပို့ကုန်မြှင့်တင်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိ MSME လုပ်ငန်းမှသွင်းကုန်အစားထိုးမည့် ကုန်ပစ္စည်းများ ပေးသွင်းရာတွင်ပစ္စည်းအရည်အသွေးအဆင့်အတန်းမြင့်မားရန်လည်းလိုကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန် (Free Zone)နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန် (Promotion Zone) ခွဲခြားသတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းလွတ်ဇုန်(Free Zone)ရှိ လုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေကြေးဆိုင်ရာအခက်အခဲများမရှိသော်လည်း လုပ်ငန်းမြှင့်တင်ရေးဇုန် (Promotion Zone)တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အခြေအနေများအရ နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲအချို့ရှိနေကြောင်း၊ ယင်းအခက်အခဲအချို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုလျော့ကျရန်အတွက် သွင်းကုန်ကုန်ကြမ်းများစွာ သက်သာစေမည့် MSME ထုတ်ကုန်လုပ်ငန်းများမှ သွင်းကုန်များများအစားထိုးနိုင်ရန် ဝိုင်းဝန်းအကြံပေး

စာမျက်နှာ ၇ သို့

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

စာမျက်နှာ ၆ မှအဆက်

ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME ထုတ်ကုန်လုပ်ငန်းများကိုချိတ်ဆက်ပေးပြီး အစားထိုးမှုရရှိသည့် ဝင်ငွေပိုင်းကိုကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅၉၆ သန်းနှင့် မြန်မာကျပ်ငွေ ၅၁ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ ယင်းအပေါ် ကျေနပ်မနေဘဲ MSME နှင့်ပတ်သက်၍ တာဝန်ယူထားသည့် Agency အဖွဲ့များ၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ယခုထက်ပိုမို၍ နိုင်ငံတော်အကြီးအကဲချမှတ်ထားသည့်မူဝါဒနှင့်အညီ မိမိတို့၏ MSME ထုတ်ကုန်များကို အထူးစီးပွားရေးဇုန်များ၏ သွင်းကုန်အစားထိုးမှုအပိုင်းတွင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက်ပေးကြရန်ပြောကြားလိုကြောင်း၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ အခွန်ရရှိသည့်ငွေမှာ ကျပ် ၉၃၅ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၉ ဘီလီယံကျော်၊ ကြိုတင်ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ၂ ဘီလီယံနှင့် ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၆၈ ဘီလီယံရှိသည်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း စာရင်းများအရသိရှိရကြောင်း၊ One Stop Service ဆောင်ရွက်နေသည့်အဖွဲ့များသည် မိမိနိုင်ငံ၏ အကျိုးစီးပွား၊ မိမိ၏အခွန်ဘဏ္ဍာအပြည့်အဝကောက်ခံရရှိမှု၊ ကုမ္ပဏီများ၏ မသမာမှုများမဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှုအပေါ်မူတည်၍ ရရှိသည့် အခွန်အဝင်ငွေများ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင်သကဲ့သို့ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးကိုလည်း များစွာအထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၏ အဓိကလိုအပ်ချက်သည် လျှပ်စစ်စွမ်းအားအပြည့်အဝရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်တွင် မိမိအစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် Solar Plant များ ဆောင်ရွက်ရန်အကြံပြုခဲ့ရာ မူလအစ စတင်ဆောင်ရွက်စဉ် ကီလိုဝပ်ရာဂဏန်းမျှသာရှိသော်လည်း အကျိုးဖြစ်ထွန်းသည့်အတွက် လိုက်ပါဆောင်ရွက်ခဲ့ကြရာ ယနေ့စာရင်းဇယားများအရ တပ်ဆင်ပြီးပါက ထုတ်လုပ်မှုစွမ်းအား ၁၆ မဂ္ဂါဝပ်ကျော်နီးပါး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ တပ်မတော်တွင်လည်း ၂၀ မဂ္ဂါဝပ် Solar Plant အား တပ်ဆင်အသုံးပြုခဲ့ရာ အရင်းကျေကာလမှာ သုံးနှစ်ခွဲဖြစ်၍ မကြာမီအရင်းကျေကာလရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တွက်ခြေကိုက်သည့်အပြင် ပိုလျှံသည့် လျှစ်စစ်ခတ်အား များအား နိုင်ငံတော်သို့ ပြန်လည်ရောင်းချနိုင်သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြားတိုက် တွန်းဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ နောင်အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်များတွင်လည်း တစ်ပိုင်တစ်နိုင် Solar Plant များ ဆောင်ရွက်နိုင်ရေး ထည့်သွင်းဆွေးနွေးကြရန် လိုကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် နေပြည်တော်တွင် စီမံကိန်းကုမ္ပဏီနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို သက်တမ်းတိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့်ကာလသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ပြည့်မြောက်မည်ဖြစ်သည့်အတွက် သတ်မှတ်ကာလမတိုင်မီ ၂ လအလိုတွင် နှစ်ဦးနှစ်ဖက် လုပ်ငန်းများ ပြီးပြတ်အောင် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်သည့် ကော်မတီများကလည်း လုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ကန့်သတ်ချက်များကြားမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ပထဝီနိုင်ငံရေးအရ စီးပွားရေးနှင့်နိုင်ငံရေးအရ အရေးပါသည့်အပြင် နိုင်ငံအတွက် အရေးကြီးပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ **ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစကြိ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Belt and Road စီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်**ကြောင်း။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုပါက ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် SPV (Special Purpose Vehicle) ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆွေးနွေးပြီး ပီပြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အခွင့်အလမ်းများ များစွာဖော်ဆောင်နိုင်ခဲ့သည့်အတွက် မကြာမီတွင် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့်ယခုအချိန်ကပင်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့်လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ စိတ်ချမ်းသာစွာဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားကြရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အီတာလျှံ-ထိုင်းဆောင်ရွက်သည့်ကိစ္စများ ပြီးမြောက်သွားသော်လည်း ဥပဒေကြောင်းအရ ဆက်လက်ရှင်းလင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာဥပဒေပညာရှင်များဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လာရောက်ရင်းနှီးမြှုပ်နှံသူအပါအဝင် သုံးဦးသုံးဖလှယ် Win- Win Situation ဖြစ်ရန်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်ပြုလုပ်သည့် ဒုတိယအကြိမ်အစည်းအဝေးဖြစ်သည့်အတွက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပေးရန်၊ အထူးစီးပွားရေးဇုန်အလိုက် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့လာမည့်ကာလများတွင် ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက တင်ပြပေးရန်နှင့် ဇုန်အလိုက် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားမှသာ အချိန်မရွေး လာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းများ အခက်အခဲမရှိ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များကလည်း အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အတွင်းရေးမှူး(၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး (၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာအထူးစီးပွားရေးဇုန်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

သတိပြုကာကွယ်သင့်သော အသည်းရောင်အသား၀ါ A အကြောင်းသိကောင်းစရာ

"ကာကွယ်ဆေးမထိုးရသေးသူ သို့မဟုတ် ယခင်က ရောဂါကူးစက်ခံထားရသူ မည်သူမဆို အသည်းရောင်အသား၀ါ A ဗိုင်းရပ်စ်ကူးစက်ခံရနိုင်သည်။ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် ဗိုင်းရပ်စ်ပျံ့နှံ့နေသည့် နေရာဒေသများသို့ သွားရောက်ခြင်းသည် အစုလိုက်အပြုံလိုက်ပိုးကူးစက်မှုအန္တရာယ် မြင့်မားသောအချက်များဖြစ်သည်။ တိုးတက်ဆဲနိုင်ငံများတွင် သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း၊ ပိုးရှိနေသောမသန့်စင်သည့် အစားအသောက်များမှ စားသုံးသူသို့ကူးစက်ခြင်း၊ မိလ္လာမလုံလောက်မှုနှင့် စနစ်တကျအိမ်သာများအသုံးမပြုခြင်းများမှ အဓိကရောဂါပြန့်ပွားသည် . . ."

အသည်းရောင်အသား၀ါ A သည် ဗိုင်းရပ်စ် (Hepatitis A Virus) ပိုးကြောင့်ဖြစ်ပွားသော အသည်းရောင်ခြင်းဖြစ်ပြီး အပျော့စားမှ ပြင်းထန်သော လက္ခဏာများကိုဖြစ်စေနိုင်သည်။ အသည်းရောင်အသား၀ါ A သည် နာတာရှည်အသည်းရောဂါကို မဖြစ်စေသော်လည်း ပြင်းထန်သောအသည်းရောင်ခြင်းကြောင့် အသည်းပျက်စီးပြီး အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ လူတိုင်းနီးပါးသည် ကိုယ်ခံစွမ်းအားဖြင့် အသည်းရောင်အသား၀ါ A ဖြစ်ပွားမှုမှ အပြည့်အ၀ပြန်လည်ကောင်းမွန်လာကြသော်လည်း အရေအတွက်အလွန်နည်းသော အသည်းရောင်အသား၀ါ A ကူးစက်ခံရသူအနေဖြင့် ပြင်းထန်သော အသည်းရောင်ရောဂါကြောင့် သေဆုံးနိုင်သည်။

တစ်ကမ္ဘာလုံးတွင် အသည်းရောင်အသား၀ါ A ဖြစ်ပွားမှုသည် ယေဘုယျအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှုကောင်းမွန်သည့် ဝင်ငွေမြင့်မားသောနိုင်ငံများတွင်ဖြစ်ပွားမှုနည်းပါးပြီး အဓိကအားဖြင့် မူးယစ်ဆေး၀ါးထိုးဆေးသုံးစွဲသူများ၊ လိင်တူဆက်ဆံသော အမျိုးသားများ၊ ဆယ်ကျော်သက်များနှင့် အရွယ်ရောက်ပြီးသူများတွင် ရောဂါဖြစ်ပွားနိုင်သည်။ အလယ်အလတ်၀င်ငွေရှိသည့် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းသောနိုင်ငံများ၌ ကူးစက်မှုအဖြစ်များပြီး ကလေးအများစုသည် အသက်ငယ်ငယ်တွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရလေ့ရှိသော်လည်း အများစုမှာ ရောဂါလက္ခဏာပြခြင်းမရှိပေ။ အမေရိကန်ပြည်ထောင်စုတွင် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများကြားတွင် ကြီးမားသောရောဂါဖြစ်ပွားမှုကို အစီရင်ခံထားသည်။ ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံနှင့်စက်မှုထွန်းကားသည့် နိုင်ငံများတွင် လူငယ်များမှ အဓိကကူးစက်သည်။ ထိုလူငယ်များသည် ရောဂါကူးစက်ခံရနှုန်းမြင့်မားသည့်နိုင်ငံများသို့ သွားရောက်လည်ပတ်ကြရာမှ ရောဂါပိုးရှိသူများ သို့မဟုတ် ရောဂါပိုးနှင့်ထိတွေ့ကြ၍ ရောဂါပြန့်ပွားခြင်းဖြစ်သည်။ မိလ္လာမလုံလောက်မှုနှင့်သန့်ရှင်းသောရေကို လက်လှမ်းမမီသော ဒေသများ၌ အထူးသဖြင့် အာဖရိကနှင့်အာရှဒေသများတွင် အဖြစ်များကြောင်း တွေ့ရသည်။

ကူးစက်ခြင်း

အဓိကအားဖြင့် မသန့်ရှင်းသောအစားအစာနှင့်ရေ၊ ရောဂါပိုးရှိသူနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ကူးစက်နိုင်သည်။ အသည်းရောင်အသား၀ါ A ဗိုင်းရပ်စ်သည် အဓိကအားဖြင့် ဝမ်း–ပါးစပ်လမ်းကြောင်းမှကူးစက်နိုင်သည်။ ဗိုင်းရပ်စ်ကိုရောဂါပိုးရှိသူ၏ မစင်နှင့်သွေးတွင်တွေ့ရှိရသဖြင့် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ခြင်းမှကူးစက်ခြင်းဖြစ်သည်။ ရောဂါပိုးမရှိသူသည် ရောဂါပိုးရှိသူ၏မစင်များနှင့်ညစ်ညမ်းနေသော အစာ သို့မဟုတ် ရေကိုကိုင်တွယ်စားသုံးမိသောအခါ၊ ရောဂါပိုးရှိသူသည် မိသားစု၀င်များအတွက် အစားအစာပြင်ဆင်သောအခါတွင် လက်များမှတစ်ဆင့် ကူးစက်နိုင်သည်။ Hepatitis A ဗိုင်းရပ်စ်များသည် ပတ်၀န်းကျင်တွင် ဆက်လက်တည်ရှိနေပြီး လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ခြင်းမှတစ်ဆင့် လူမှုအသိုက်အ၀န်းများကို ထိခိုက်စေနိုင်သည်။

ကာကွယ်ဆေးမထိုးရသေးသူ သို့မဟုတ် ယခင်ကရောဂါကူးစက်ခံထားရသူမည်သူမဆို အသည်းရောင်အသား၀ါ A ဗိုင်းရပ်စ်ကူးစက်ခံရနိုင်သည်။ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် ဗိုင်းရပ်စ်ပျံ့နှံ့နေသည့်နေရာဒေသများသို့ သွားရောက်ခြင်းသည် အစုလိုက်အပြုံလိုက် ပိုးကူးစက်မှုအန္တရာယ်မြင့်မားသောအချက်များဖြစ်သည်။ တိုးတက်ဆဲနိုင်ငံများတွင် သန့်ရှင်းသောသောက်သုံးရေမရရှိခြင်း၊ ပိုးရှိနေသောမသန့်စင်သည့် အစားအသောက်များမှ စားသုံးသူသို့ကူးစက်ခြင်း၊ မိလ္လာမလုံလောက်မှုနှင့် စနစ်တကျအိမ်သာများအသုံးမပြုခြင်းများမှ အဓိကရောဂါပြန့်ပွားခြင်းဖြစ်သည်။

ရောဂါလက္ခဏာများ

ရောဂါကူးစက်ခံရပြီးအချိန်နှင့် ရောဂါလက္ခဏာပြသည့်အချိန်မှာ (ရောဂါပျိုးချိန်) ရက်သတ္တနှစ်ပတ်မှခြောက်ပတ်အတွင်းဖြစ်ပေါ်နိုင်ပြီး ရောဂါပိုးများမှာ အဓိက အသည်းကိုတိုက်ခိုက်ခြင်းဖြစ်သည်။ ဗိုင်းရပ်စ်ပိုးသည် အူနှံရံမှသွေးကြောများထဲသို့ ဖြတ်သန်းပြီး အသည်းသို့ရောက်ရှိသောအခါ ပြင်းထန်သော အသည်းရောင်ခြင်းကိုဖြစ်စေသည်။

ရောဂါလက္ခဏာများမှာ အပျော့စားမှပြင်းထန်ပြီး အဖျားတက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း အစားအသောက်ပျက်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ မစင်အရောင်ဖျော့ခြင်း သို့မဟုတ် ညှိုးခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းဗိုက်မအီမသာဖြစ်ခြင်း၊ ဆီးအရောင်ညိုမည်းခြင်းနှင့်အသားဝါခြင်း (မျက်လုံးနှင့်အရေပြားများ)၊ ယားယံခြင်းတို့ပါဝင်နိုင်သည်။ ရောဂါပိုးရှိသူတိုင်းတွင် ရောဂါလက္ခဏာခံစားရခြင်းမဟုတ်ပါ။

အရွယ်ရောက်ပြီးသူများတွင် ကလေးငယ်များထက် ရောဂါလက္ခဏာများ ပိုမိုဖြစ်ပွားလေ့ရှိသည်။ သက်ကြီးရွယ်အိုအုပ်စုများတွင် ရောဂါပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုပိုများနိုင်သည်။ ရောဂါကူးစက်ခံထားရသော အသက်ခြောက်နှစ်အောက်ကလေးများသည် အများအားဖြင့် သိသာထင်ရှားသော လက္ခဏာများ မခံစားရဘဲ ၁၀ ရာခိုင်နှုန်းသာ အသားဝါလာသည်။ အသည်းရောင်အသား၀ါ A သည် တစ်ခါတစ်ရံတွင်ပြန်ဖြစ်တတ်ပြီး ပြန်လည်ကောင်းမွန်လာသူသည် နောက်ထပ်ပြင်းထန်သောဝေဒနာတစ်ခုဖြင့် ထပ်မံဖျားနာလာနိုင်သည်။

အသည်းရောင်အသား၀ါ A ကာကွယ်ဆေးထိုးခြင်းအစီအစဉ်များ

နိုင်ငံများစွာသည် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များတွင် အသည်းရောင်အသား၀ါ A ကာကွယ်ဆေးကိုထည့်သွင်းထားသည်။ အထူးသဖြင့် အန္တရာယ်များသောအုပ်စုများနှင့် ရောဂါဖြစ်ပွားနိုင်ခြေများသောဒေသများသို့ ခရီးသွားလာသူများအတွက် အကြံပြုထားသည်။ အသည်းရောင်အသား၀ါ A ကာကွယ်ဆေးထိုးခြင်းသည် အသည်းရောင်ခြင်းကို ထိရောက်စွာကာကွယ်ပေးနိုင်သည်။

ကာကွယ်ဆေးထိုးသင့်သူများ

အသက် တစ်နှစ်အထက်ကလေးများ၊ နာတာရှည်အသည်းရောင်ရောဂါ၀ေဒနာရှင်များ၊အသည်းရောင်အသား၀ါ A ရှိသူများနှင့်နီးစပ်သူများ သို့မဟုတ် အသည်းရောင်အသား၀ါ A ကူးစက်ခံရနိုင်ခြေရှိသူများ၊ လိင်တူဆက်ဆံသူ အမျိုးသားများ၊ မူးယစ်ဆေး၀ါးသုံးစွဲနေသူများ၊ စားဖိုမှူး သို့မဟုတ် အစားအသောက်ကို ပုံမှန်ချက်ပြုတ်ရသူများ ကာကွယ်ဆေးထိုးသင့်ပါသည်။

အသည်းရောင်အသား၀ါ A ဖြစ်ပွားလေ့ရှိသည့် နိုင်ငံရပ်ခြားသို့ခရီးသွားလာသူများသည် ခရီးမထွက်မီ တစ်လအလိုတွင် ကာကွယ်ဆေးထိုးနှံသင့်သည်။

အသည်းရောင်အသား၀ါ B သို့မဟုတ် အသည်းရောင်အသား၀ါ C ကဲ့သို့သော အသည်းရောဂါရှိသူများသည် အဆိုပါရောဂါဖြစ်ပွားစဉ်အတွင်း HAV ပိုးကူးစက်မှု၏နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်လာနိုင်ခြေမြင့်မားသောကြောင့် ကာကွယ်ဆေးထိုးနှံသင့်ပါသည်။

ရောဂါရှာဖွေစမ်းသပ်ခြင်း

အသည်းရောင်အသား၀ါ A သည်တခြားပြင်းထန်သော ဗိုင်းရပ်စ်အသည်းရောင်ခြင်းအမျိုးအစားများနှင့် အခြင်အာဖြင့်ခွဲခြား၍မရပါ။ သွေးထဲတွင် HAV-specific immunoglobulin G (IgM) ပဋိပစ္စည်းများကိုရှာဖွေတွေ့ရှိခြင်းဖြင့် တိကျသောရောဂါရှာဖွေမှုကိုပြုလုပ်နိုင်သည်။ ထပ်လောင်းစမ်းသပ်မှုများတွင် RT–PCR ဖြင့် (reverse transcriptase polymerase chain reaction) အသည်းရောင်အသား၀ါ A ဗိုင်းရပ်စ် RNA ကိုရှာဖွေနိုင်သည်။ PCR သည် လူနာတွင် ပဋိပစ္စည်း (IgM anti–HAV) မဖြစ်ထွန်းမီ ရောဂါပိုးကူးစက်မှုတွင် HAV ပိုးရှိနေခြင်းကို စောစောစီးစီး သိရှိနိုင်သဖြင့် အသည်းရောင်အသား၀ါ A ကို စောစီးစွာရှာဖွေရန် အထူးအသုံး၀င်သည်။ PCR သည် ကူးစက်မှုနှင့်ရောဂါပိုးပျောက်ကင်းမှုတို့ကို စောင့်ကြည့်ရန်ကူညီပေးနိုင်သည်။

အသည်းရောင်အသား၀ါ A ကာကွယ်ရန် နည်းလမ်းများ

Hepatitis A ကာကွယ်ဆေးသည် ကူးစက်မှုကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ အသည်းရောင်အသား၀ါ A အပါအ၀င် ရောဂါများစွာကိုကာကွယ်ရန် အဓိကအရေးကြီးသော အချက်မှာ တစ်ကိုယ်ရေသန့်ရှင်းမှုသတိပြုရန်ဖြစ်ပါသည်။ အသည်းရောင်အသား၀ါ A ရောဂါပိုးရှိသူနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှရှောင်ကြဉ်ပါ။ ထိတွေ့ပြီးနောက် လက်ကိုဆပ်ပြာဖြင့်ကောင်းစွာ ဆေးကြောပါ။ တစ်ခုခုကိုကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် ရေဖြင့် စက္ကန့် ၂၀ ကျော်ကြာအောင် အချိန်ယူ၍ ပွတ်တိုက်ဆေးကြောပါ။ အထူးသဖြင့် အစာမစားမီ တစ်ခုခုကိုကိုင်တွယ်ပြီးတိုင်းနှင့် ရေအိမ်အသုံးပြုပြီး နောက် လက်ကိုရေနှင့်ဆပ်ပြာသုံးပြီး ဆေးပါသို့မဟုတ် အယ်လ်ကိုဟောပါသော လက်သန့်ဆေးရည်သုံးပါ။ လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်နှင့် မျက်နှာကိုကိုင်တွယ်ခြင်းမှရှောင်ကြဉ်ပါ။ အပြင်ထွက်သည့်အခါ လက်သန့်ဆေးရည်ကိုဆောင်ထားပြီးအသုံးပြုပါ။ သန့်စင်သောရေကိုသောက်ပါ။ ရေကို ကျိုချက်ပြီးမှသောက်သုံးသင့်ပါသည်။ ဟင်းသီးဟင်းရွက်နှင့်သစ်သီး၀လံများကို သေချာစွာဆေးကြော်ပြီး ချက်ပြုတ်ပါ။ ဆေးကြော်ရန်အတွက် ရှလကာရည်နှင့်ဆားပါ၀င်သည့်ရေကိုအသုံးပြုပါ။ စနစ်တကျဆေးကြော်ပြီး သေချာကျက်အောင် ချက်ပြုတ်ထားသော အစားအစာများကို ပူပူနွေးနွေးစားရန်၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားရန် လိုအပ်ပါသည်။

ရောဂါပိုးရှိသူသည် သီးခြားနေထိုင်၍ အသုံးအဆောင်များကို သီးခြားအသုံးပြုပြီး အနားယူရပါမည်။ ဆရာ၀န်ညွှန်ကြားသောဆေးများ သောက်၍ အသည်းရောင်အသား၀ါရောဂါ၏လက္ခဏာများကိုစောင့်ကြည့်ရပါမည်။ ရောဂါအခံရှိသူများအနေဖြင့် ရောဂါကူးစက်မခံရစေရန် လူထူထပ်သော နေရာများသို့ မလိုအပ်လျှင်မသွားဘဲ ကိုယ်ခံအားကောင်းမွန်အောင် ဂရုပြုနေထိုင်သင့်ပါသည်။ အသား၀ါခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနများကို သတင်းပို့ပြီး ကုသမှုခံယူရန်လိုအပ်ပါသည်။

အကယ်၍ HAV နှင့်ထိတွေ့ဖူးပြီး ယခင်က အသည်းရောင်အသား၀ါ A ကာကွယ်ဆေးမထိုးနှံဖူးပါက ထိတွေ့ပြီးနောက် နှစ်ပတ်အတွင်း အသည်းရောင်အသား၀ါ A ကာကွယ်ဆေးကို အမြန်ဆုံးထိုးခြင်းဖြင့် ဖျားနာခြင်းမှ ကြိုတင်ကာကွယ်နိုင်ပါသည်။ ထိုအချိန်နောက်ပိုင်းတွင် ကာကွယ်ဆေးသည် လတ်တလောထိတွေ့မှုမှ ဖျားနာခြင်းကို မကာကွယ်နိုင်သော်လည်း နောင်တွင် အသည်းရောင်အသား၀ါ A ဖြစ်ခြင်းမှ ကာကွယ်နိုင်သေးသည်။ ထိတွေ့ပြီးနောက် ကာကွယ်မှုအစီအမံတွင် အသည်းရောင်အသား၀ါ A ကာကွယ်ဆေး သို့မဟုတ် ကိုယ်ခံအားဂလိုဘူလင် (IG) ပါ၀င်သည်။ ထိတွေ့ပြီးနောက် ကြိုတင်ကာကွယ်မှုစည်းမျဉ်းများကို ဆုံးဖြတ်သည့်အခါ ဒေသတွင်းကျန်းမာရေးဌာနများသည် ထိတွေ့မှုဖြစ်နိုင်ခြေနှင့်ပြင်းထန်မှုကို ထည့်သွင်းစဉ်းစားနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာသိန်းကျော်

နွားတက် သင်းဒီး အထက်လင်းဇင်း၌ ရေမြောင်းများဖြင့် နွေစပါးနှင့်နွေနှမ်း ၁၀၉၆၃ ဧက စိုက်ပျိုး



ကျောက်ဆည် မတ် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေသီးနှံများစိုက်ပျိုးရာတွင်သီးနှံများအောင်မြင်ဖြစ်ထွန်းရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို ရေမြောင်းများဖြင့်အလှည့်ကျပေးဝေလျက်ရှိကြောင်းနှင့် သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်း၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးနှင့်နွေနှမ်း ၁၀၉၆၃ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်း၌ ကျေးရွာအုပ်စုပေါင်း ၁၃ အုပ်စုရှိပြီး ဟံမြင့်မိုရ်ကျေးရွာအုပ်စု၌ နွေစပါးဧက ၄၀၀၊ နွေနှမ်းဧက ၄၀၀၊ လယ်ကြီးကျေးရွာအုပ်စု၌ နွေစပါးဧက ၁၀၀၀၊ နွေနှမ်းဧက ၂၀၀၊ ပုန်းညက်ကျေးရွာအုပ်စု၌ နွေစပါးဧက ၃၀၀၊ နွေနှမ်းဧက ၁၁၀၀၊ ကျားကာကျေးရွာအုပ်စု၌ နွေစပါး ၆၇၅ ဧက၊ နွေနှမ်းဧက ၆၄၀၊ သံရွာကျေးရွာအုပ်စု၌ နွေနှမ်းဧက ၆၅၀၊ ခါးတက္ကုန်းကျေးရွာအုပ်စု၌ ဧက ၁၀၀၊ နွေနှမ်း ၇၄ ဧက၊ ဆူးလေကုန်းကျေးရွာအုပ်စု၌ နွေနှမ်းဧက ၉၄၀၊ ပေါက်ပင်ကွေ့ကျေးရွာအုပ်စု၌ နွေစပါးဧက ၁၈၀၊ နွေနှမ်းဧက ၈၉၀၊ မြေစိုမိုးကျေးရွာအုပ်စု၌ နွေစပါး ၃၁၅ ဧက၊ နွေနှမ်း ၉၁၃ ဧက၊ ပဲခင်းကျေးရွာအုပ်စု၌ နွေစပါးဧက ၄၆၀၊ နွေနှမ်းဧက ၈၆၀၊ ပေါင်လောင်းကျေးရွာအုပ်စု၌ နွေစပါးဧက ၄၁၀၊ နွေနှမ်း ၄၅၆ ဧကစုစုပေါင်း ၁၀၉၆၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်

ငဖဲမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၀၆၉ ဧက ကောက်ယူပြီးစီး



ငဖဲ မတ် ၁၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ဆောင်းသီးနှံများစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၀၆၉ ဧက ကောက်ယူပြီးစီးပြီဖြစ်ကြောင်း၊ စုစုပေါင်း ၁၁၃၆၂၉ ပိသာထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ဝါသီးနှံစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီးအထွက်နှုန်းကောင်းမွန်သည့် ချည်မျှင်ရှည်ဝါ ရွှေတောင်-၈ ဧက ၅၀၀၊ ရွှေတောင်-၁၀ ဧက ၅၉၀၊ ငွေချည်-၉ ၁၂၅ ဧက၊ ငွေချည်-၁၁ ၈၄၉ ဧကနှင့် B31 ၅ ဧက စုစုပေါင်း ၂၀၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါဝါခင်းများကို ဖေဖော်ဝါရီလမှ စတင်ခူးဆွတ်ကောက်ယူခဲ့ရာ ယနေ့ထိ ၂၀၆၉ ဧက ကောက်ယူပြီးစီးပြီဖြစ်သည်။

ကောက်ယူပြီးစီးခဲ့သည့် မိုးနှောင်းချည်မျှင်ရှည်ဝါ ရွှေတောင်-၈ ဧက ၅၀၀ တွင် တစ်ဧကလျှင် ပိသာ ၅၄၀ နှုန်းဖြင့် ၂၇၀၀၀၀ ပိသာ၊ ရွှေတောင်-၁၀ ၅၉၀ ဧကတွင် တစ်ဧကလျှင် ပိသာ ၅၅၀ နှုန်းဖြင့် ၂၅၄၅၀၀ ပိသာ၊ ငွေချည်-၉၁၂၅ ဧကတွင် တစ်ဧကလျှင် ပိသာ ၅၅၀ နှုန်းဖြင့် ၆၈၆၂၅၀ ပိသာ၊ ငွေချည်-၁၁ ၈၄၉ ဧကနှင့် B31 ၅ ဧကတွင် တစ်ဧကလျှင် ပိသာ ၇၀၀ နှုန်းဖြင့် ၃၅၄၀၀ ပိသာ စုစုပေါင်း ဝါပိသာချိန် ၁၁၃၆၂၉ ပိသာထွက်ရှိပြီး ဝါတစ်ပိသာလျှင် ငွေကျပ် ၄၂၅၀ နှုန်းဖြင့်ရောင်းချရသည်။

ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံတိုးချဲ့စိုက်ပျိုးသည့်အကျိုးဆောင်တောင်သူများအား ဝါမျိုးစေ့နှင့်သွင်းအားစုပစ္စည်းများကိုပေးအပ်ထားကြောင်း သိရသည်။

မယု(ငဖဲ)

နွေသီးနှံများစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်

တံတားဦး မတ် ၁၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနွေသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးသင်တန်းကို မတ်လ ၁၁ ရက် နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးကနေဒီထွန်းက တောင်သူများအနေဖြင့် နွေသီးနှံများကို စိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေများကို စနစ်တကျဆောင်ရွက်မှသာသီးနှံများ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့စိုက်ပျိုးထားသော သီးနှံများ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ ရိတ်သိမ်းခြွေလှေ့ရာတွင် အလေအလွင့်မရှိရေးနှင့်စနစ်တကျ သိုလှောင်ရေးလုပ်ငန်းစသည်တို့သည်လည်း အလွန်မပင်အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သီးနှံများစိုက်ပျိုးရန် မျိုး၊ မြေ၊ ပိုးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက အလှည့်ကျသင်ကြားပေး၍ တက်ရောက်လာကြသည့်တောင်သူများက သိရှိလိုသည်များကို အသီးသီးဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး တောင်သူနည်းပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြကြောင်းသိရသည်။

ဦးရဲတင့်(ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ဝ၆:၀၀ နိုင်ငံတော်သီချင်း
၂။ ဝ၈:၀၀ မျိုးချစ်တပ်မတော်
၃။ ဝ၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ပန်းတို့၏အလှတရား
၇။ ၁၄:၀၀ Sharing Knownedge
၈။ ၁၅:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်းစောင်နီလေးတစ်ထည် (အပိုင်း- ၂)၊ ဇာတ်သိမ်း သရုပ်ဆောင်- ရန်အောင်၊ စိုးမြတ်သူဇော၊ နက္ခတ်၊ ဒါရိုက်တာ - တင်အောင်စိုး(ပန်းမြို့တော်)**

မြန်မာ့သွေး

➢ ခေတ်ကိုပြန်ကြည့်၊ တွေးမိသောခါ
မြန်မာတို့မြေ၊ အတိတ်ခြေမှ
စည်ထွေတည်ဖြိုး၊ ကျုံးပတ်ရိုးနှင့်
အမျိုးသားဟန်၊ နိုးကြွားမာန်ဖြင့်
နိုင်ငံပိုင်နက်၊ စည်းရိုးခတ်သည်
ခေတ်ဆက်ဆက်ဝယ် တွေ့မြင်တကား။

➢ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ
ကုန်းဘောင်ထူလျက် မြန်ဇမ္ဗူမှာ
စံနမူသာဓက၊ တိုင်းဌာနၦ
မြန်မာ့ရေမြေ၊ ငါတို့ပြေ(ပြည်)ဟု
အမွေအနှစ်၊ ထိန်းသိမ်းချစ်လျက်
ခေတ်စနစ်လမ်း၊ စည်းလုံးစွမ်းဖြင့်
မြနန်းစံကျော်၊ ပြာသာဒ်မော်နှင့်
ပြည်တော်ဌာန၊ မကျူးကြေရန်
မြန်မာ့စည်းရိုး၊ သွေးကိုနှီးလျက်
အကျိုးမျှော်ပေ၊ ခိုင်ခံ့လေအောင်
မြန်ပြေ(ပြည်)တံတိုင်း၊ ခပ်နှိပ်နှိုင်းသည်
သမိုင်းတည်ပေ၊ စည်းရိုးမြေတည့်
တို့တွေ ခက်ခဲပါသည်တကား။

➢ သွေးကိုနှီးလျက်
အမျိုးဘာသာ၊ သာသနာနှင့်
ပြည်ရွာငြိမ်းအေး၊ ဖွံ့ဖြိုးရေးပြင်
ပြည်ရေးပြည်ရာ၊ တိုးတက်ဖြာဖို့
တာဝန်ရွက်ထမ်း၊ အနာဂတ်လမ်းဝယ်
ဆိုးသွမ်းမိစ္ဆာ၊ ထိပါးလာသော်
မြန်မာတို့သွေး၊ နီစွေးစွေးတည့်
တိုင်းရေးပြည်ရာ၊ ညီညွတ်စွာနှင့်
သူငါပေါင်းစည်း၊ ခေတ်ရေစီးဝယ်
ပြည်ကြီးမထွဋ်၊ ကြုံကြုံခိုင်အောင်
ညီနောင်စုရုံး၊ ဘုန်းလက်ရုံးနှင့်
စည်းလုံးခြင်းသည်၊ ပြည်သစ်ဆီသို့
ခိုင်တည်နှလုံး၊ ပြည့်လက်ရုံးဖြင့်
ပြည်လုံးတွက်ပေ၊ စည်းရိုးအမွေကို
တို့တွေထိန်းသိမ်း ပါသည်တကား။ ။

ဇော်နိုင်မိုး(ဘိုကလေး)

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ဝ၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၁၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် Gold Camp နှင့် Youth Camp တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။



ယနေ့ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) Recurve တစ်ဦးချင်းရှုံးထွက်ပွဲစဉ်တွင် ပြည့်စုံနှင်းက ပထမ၊ ကောင်းခန့်မော်က ဒုတိယနှင့် သီဟထက်ဇော်က တတိယ၊ Compound တစ်ဦးချင်းရှုံးထွက်ပွဲစဉ်တွင် ဇင်သူရိန်မျိုးက ပထမ၊ အောင်ကိုဦးက ဒုတိယနှင့် စုစုလှိုင်က တတိယတို့ရရှိသည်။

ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံးအားကစားသမားဆုရရှိခဲ့ကြသည့် ပြည့်စုံနှင်း(Gold Camp)နှင့် ချိုချိုဇင်(Youth Camp)၊ Recurve/Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြားပစ်အားကစားနည်းမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ အားကစားသမားများအား နေ့လယ်စာပြင်ဆင်ကျွေးမွေးနေမှုနှင့် စားသောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone အတွင်းရှိအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ပြသထားသည့် မြန်မာ့အားကစားလှုပ်ရှားမှုပြခန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် အားကစားလှုပ်ရှားမှုပြခန်းနှင့် အာရှအားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုများပြခန်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြခန်းများရေရှည်တည်တံ့စေရေး၊ မှတ်တမ်း/မှတ်ရာများ စနစ်တကျရှိစေရေးနှင့် ပျက်စီးမှုများမရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသန ညီလာခံဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၁

ပညာရေးဝန်ကြီးဌာန (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က ပညာရှင်အဖွဲ့ဆုရရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ အကောင်းဆုံးစာတမ်းဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်နှင့် ဒေါက်တာဦးဝင်းတို့က ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံးသုတေသနစာတမ်းဆုရရှိကြသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်များ၊ တွဲဖက်အတွင်းရေးမှူးများက ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံးသုတေသနစာတမ်းဆုရရှိကြသူများကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာကောသွယ်လှိုင်တို့က ပို့စတာဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှကျောင်းသား၊ ကျောင်းသူများက မြကျွန်းညိုညို တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်က တေးသီချင်းဖြင့်သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို လက်ဆောင်များပေးအပ်ကာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**



တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်း(Registration) နှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online Payment / Mobile Wallet ဖြင့် ပေးသွင်းခြင်းတို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဦးစီးကော်မတီအစည်းအဝေး (၁/၂၀၂၅)ကျင်းပ



နေပြည်တော် မတ် ၁၁

တက္ကသိုလ်ကျောင်းသားများ၏ကျောင်းဝင်မှတ်ပုံတင်ခြင်း(Registration)နှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online Payment / Mobile Wallet ဖြင့် ပေးသွင်းခြင်းတို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဦးစီးကော်မတီအစည်းအဝေး(၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ သက်ဆိုင်ရာ ဘဏ်နှင့်ငွေကြေးအဖွဲ့အစည်းများမှ ဦးစီးကော်မတီဝင်များ၊ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တက္ကသိုလ်နေ့သင်တန်းနှင့်အဝေးသင်ကျောင်းသားများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းနှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခပေးသွင်းခြင်းများကို မိမိတို့နှစ်သက်ရာ Online Payment/Mobile Wallet တို့ဖြင့် စတင်ဆောင်ရွက်သည့်အခမ်းအနားဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်အဖွဲ့အစည်းများ၏ ချိတ်ဆက်အောင်မြင်မှုဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသားများ ငွေသားဖြင့် ကျောင်းဝင်ကြေး၊ ကျောင်းလခပေးသွင်းခြင်းအစား ဒစ်ဂျစ်တယ်ငွေကြေး (Digital Currency) သုံးစွဲခြင်းအလေ့အကျင့်ကို ပြောင်းလဲကျင့်သုံးနိုင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ MMQR စနစ်တွင် ချိတ်ဆက်ထားသော ဘဏ်အဖွဲ့အစည်းများနှင့် အွန်လိုင်းငွေပေးချေခြင်းကို မတ်လ ၁၇ ရက် (တနလ်ာနေ့)မှစတင်၍ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များတွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲမှုတွင် ဝိုင်းဝန်းပါဝင် ပံ့ပိုးကူညီပေးကြသူများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်သော MMQR စနစ်ကို ဝန်ကြီးဌာနများအနက် ပညာရေးဝန်ကြီးဌာနက ပထမဦးဆုံးစတင်အသုံးပြုခြင်းဖြစ်သဖြင့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ Mobile Pay User ၉၀ ရာခိုင်နှုန်းကျော်အထိ လွယ်ကူခြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်အဖွဲ့အစည်းများက ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၁၁

ဆေးဝါးသိပ္ပံဘွဲ့ရ ၁၅၂ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ရ ၂၁ ဦးနှင့် ဆေးဝါးသိပ္ပံ ပါရဂူဘွဲ့ဒါဋ္ဌီးတို့ကို သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ခဲ့ကြောင်း ယနေ့ကျင်းပသည့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၏ ဘွဲ့နှင်းသဘင်အခမ်းအနားမှ သိရသည်။

ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၏ (၂၃) ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဦးစွာ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလတ်လတ်ဝင်းနှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဝတ်ရုံများဝတ်ဆင်လျက် ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်တွင် နေရာယူကြသည်။

ထို့နောက် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများသည် အဓိဋ္ဌာန်ပြုကတိသစ္စာရွတ်ဆိုကြပြီး ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က ဆေးဝါးသိပ္ပံပါရဂူဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဝါးသိပ္ပံဘွဲ့ရရှိကြသူ ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ အပ်နှင်းပေးကာ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆေးဝါးတက္ကသိုလ်(ရန်ကုန်)မှ ဆေးဝါးသိပ္ပံဘွဲ့ရ ၂၇၆၅ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ရ ၁၄၁ ဦးနှင့် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ရ ၁၈ ဦးကို သင်ကြားမွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ခြေလှမ်းညီညီ အားသစ်တည်၍

ပြည်စိုးညိမ်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်၌ ဖြည့်စွက်အမှာစကားပြောကြားစဉ်။

ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့၏ လုပ်ငန်းအချိန်ဇယားမှာ မပြီးဆုံးသေး။ ဒေသစံတော်ချိန် ညပိုင်းတွင် မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ အစည်းအဝေးခန်းမတွင်ရုရှား-အာဆီယံစီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပွဲတွင် ရုရှား-မြန်မာစီးပွားရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့်သီးနှံများကို ရုရှားနိုင်ငံသို့တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များ Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေး ကိစ္စရပ်များ၊ အာကာသနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို အကျယ်တဝင့်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကိုပြသသောအားဖြင့် လက်ဆောင်ပစ္စည်းများလဲလှယ်ပေးအပ်ခြင်းဖြင့် ဆွေးနွေးပွဲကို လှပစွာအနားသတ်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ဟိုတယ်အစည်းအဝေးခန်းမမှ Conference Hall သို့ကူးသည်။ Conference Hall အတွင်းဝယ် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင်ရောက်ရှိလျက်ရှိသည့်စစ်ဘက်၊ အရပ်ဘက်မှသင်တန်းသားအရာရှိများ စုံညီစွာရောက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သောလုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကိုမရရအောင် ကြံဆထုတ်နုတ်၍ ပညာတော်သင်ကျောင်းသားများကို တွေ့ဆုံအားပေးခြင်းဖြစ်သည်။ အကြီးအကဲတစ်ယောက်၏ မိမိတပည့် သားမြေးများအပေါ်ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကိုပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြားသို့ ရောက်နေသည့်တိုင် ရနိုင်သမျှသောအချိန်ကလေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့်သားမြေးတို့၏တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများကို ပညာတော်သင်များစေလွှတ်ရာတွင် သာမန်ထက်ထူးချွန်သူများကို ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးသာမက ရုရှားဘာသာစကားတတ်မြောက်ရေးအတွက်လည်း အခြေခံများသင်ကြားပြီးမှ ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်ခေါင်းဆောင်များ၏အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့မှုများကြောင့် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်သင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ကို တန်ဖိုးထားကြစေချင်ကြောင်း၊ နိုင်ငံအတွက် လိုအပ်ချက်များရှိခြင်းကြောင့် ပညာတော်သင်များစေလွှတ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခံရသည့် ထူးချွန်သူများဖြစ်သည်နှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

မြန်မာနိုင်ငံသည် ပညာတတ်လူသားအရင်းအမြစ်များပေါ်ထွန်းရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန် အထူးလိုအပ်သည်။ သို့မှသာ အခြားသောနိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍ အောင်မြင်မှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မှာဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက နိုင်ငံသားအားလုံး ပညာတတ်များဖြစ်စေရန်နှင့် ပညာရည်မြင့်မားစေရန် KG+9 အထိ ပညာသင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံသားတစ်ယောက်အဖို့ အထူးလိုက်နာရန်လိုအပ်သည်မှာ မိမိကိုယ်တိုင် မိမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်ပင်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ယူနေသူများအနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအခြေတည်၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရည်မြော်တွေးကာ ပညာကိုကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သည်။

တွေ့ဆုံမှာကြားမှုအပြီးတွင် နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲသည် ပြည်ပရောက်ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ “ဒယာ”တည်းဟူသော သနားချစ်ခင်ကြင်နာခြင်းတို့ဖြင့် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများကို ဤသို့လျှင် ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်ပေးအပ်လေ့ရှိသည်။

မတ်လ ၅ ရက်နေ့သည်လည်း ခရီးစဉ်ဒုတိယနေ့နည်းတူ လုပ်ငန်းအချိန်ဇယားများနှင့် ပြည့်နှက်နေသည်။ ကနဦးအစီအစဉ်အနေဖြင့် ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးကြသည်။ နှစ်နိုင်ငံအကြား ကာကွယ်ရေးကဏ္ဍတွင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးကြသည်။ နှစ်နိုင်ငံအကြား ကာကွယ်ရေးကဏ္ဍတွင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမှုနှင့်စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ထပ်မံမြှင့်တင်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲဆိုသည်မှာ နိုင်ငံ၏အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏ သားသမီးများအပေါ် နှိုးသည်ဝေးသည်မရှိ တူညီသောမေတ္တာဓာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် မအားလပ်သောလုပ်ငန်းတာဝန်များအကြားမှ ယင်းနေ့ နံနက်ပိုင်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို သွားရောက်တွေ့ဆုံအားပေးသည်။

အကြီးအကဲမှာ ထိုနေ့နံနက်ပိုင်းမှာပင် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် မြန်မာသံရုံးမှ Radisson Collection ဟိုတယ်သို့ ပြန်လည်ထွက်ခွာသည်။

နိုင်ငံတစ်နိုင်ငံ၏အဓိကမောင်းနှင်အားတွင် စီးပွားရေးကလည်း အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ရုရှား - မြန်မာ စီးပွားရေးဖိုရမ်ကို မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ Business Hall တွင် ကျင်းပပြုလုပ်ခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscongress Foundation၊ Fund RC-Investments၊ Russia-ASEAN Business Council နှင့် Russia- Myanmar Business Council တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဂုဏ်စီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

သက်ဆိုင်ရာဝန်ကြီးများက အဖွင့်အမှာစကားအသီးသီးပြောကြားပြီးသည်နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌက “မြန်မာနိုင်ငံတွင် စီးပွားရေး စာမျက်နှာ ၁၂ သို့ ⏭

⏭ စာမျက်နှာ ၁၁ မှအဆက်

လုပ်ငန်းများလုပ်ကိုင်ခြင်းဆိုင်ရာအကျဉ်းချုပ်”ကိုရှင်းလင်းသည်။ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှကိုယ်စားလှယ်များကလည်း ခေါင်းစဉ်များအလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရုရှား MIR Card များလက်ခံသုံးစွဲနိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းအခြေအနေများ Video Clip ကိုကြည့်ရှုကြပြီး ဖိုရမ်အား ခေတ္တရပ်နားလိုက်သည်။

နေ့လယ်ပိုင်းတွင် ဖိုရမ်အားဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက ဖြည့်စွက် အမှာစကားပြောကြားသည်။ အကြီးအကဲက ယခုလအတွင်း ပဉ္စမအကြိမ်မြောက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းတို့ဖြင့် အစပြုစကားဆိုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr. Andrei Removich နှင့်တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

ယင်းအစည်းအဝေးများမှနေ၍ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့်ကျန်းမာရေးစောင့်ရှောက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပုံကို ဆက်စပ်ပြသည်။

အထူးသဖြင့် မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန် ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရန် ခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ များစွာအရေးပါသည်။ တိုးတက်လာမည့်ပင်လယ်ရေကြောင်းကုန်သွယ်မှုကိုပြည်တွင်းနှင့်ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစင်ကြံလမ်းများတစ်လျှောက်လိုအပ်သည့်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အဦများမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာအတွက် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဖိတ်ခေါ်လိုက်ခြင်းအားဖြင့် စီးပွားရေးအမြင် ကျယ်ပြန့်နက်ရှိုင်းမှုနှင့်သိမ်မွေ့အကြောင်းပါသည်။

ထိုနောက် ဗြိတိသျှကိုယ်စားလှယ်များမှာ စီးပွားရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် အကြီးအကဲ၏ဆွေးနွေးမှုကို ပိုမိုစူးစိုက်ကြသည်။ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ရင်းနှီးမြှုပ်နှံပါက ဖြစ်ပေါ်တိုးတက်လာနိုင်မည့် အလားအလာများကို တွက်ဆကြသည်။ လိုအပ်လာမည့် စွမ်းအင်အရင်းအမြစ်အတွက်လည်း အခြေအနေကောင်းများကို အချိန်တိုအတွင်း ရရှိနိုင်မှုရှိနေသကဲ့သို့ အခြား ကူးသန်းရောင်းဝယ်မှုအတွက်လည်း ပထဝီအနေအထားအရ ကောင်းမွန်လှသည်မို့ သူတို့စိတ်ပါဝင်စားမှုပိုမိုနေသည်မှာ မဆန်းလှ။

စျေးကွက်နှင့်ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲကအမြော်အမြင်ကြီးမားစွာ တွက်ချက်ပြသည်။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ရှိ နိုင်ငံများ၏လူဦးရေမှာမူ နှစ်ဘီလီယံကျော် သုံးဘီလီယံနီးပါးခန့်ရှိပြီး အာဆီယံ ၁၀ နိုင်ငံအပြင် အင်အားကြီးနိုင်ငံများဖြစ်သည့်တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ မြန်မာနိုင်ငံနှင့်ထိစပ်နေသည်။ ထို့မျှ ကြီးမားသောဈေးကွက်ကြီးရှိနေသည့်အတွက် မြန်မာနိုင်ငံမှ သဘာဝထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်ခြင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ၍ နည်းပညာနှင့်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း စသည်ဖြင့် မည်သည့်နည်းလမ်းဖြင့်မဆို မုချအကျိုးရှိစေနိုင်မည်ဖြစ်သည်။

ရုရှားနှင့်မြန်မာနှစ်နိုင်ငံမှာ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ ဖြည့်စွက်အမှာစကားပြောကြားမှု အပြီးတွင် ထွက်ပေါ်လာသည့် သြဘာလက်ခုပ်သံများက မြန်မာနိုင်ငံအတွက်ရည်ရွယ်သည့် လက်ခုပ်သံများဟုထင်မိသည်။ ခေတ်မီတိုးတက်ခြင်းဟူသော အကျိုးတရားကို ရရှိစေမည့်အကြောင်းတရားကို ဆောင်ရွက်နိုင်ခဲ့မှုအတွက် သြဘာသံများက နားဝင်ပီယံရှိလှသည်။

အပြန်အလှန် ဆွေးနွေးမှုများမှာ ချစ်ကြည်ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့မြို့ငံမြို့ခင်ဆိုင်ဆိုသလိုဆွေးနွေးကြသည်။ နိုင်ငံနှင့် ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အားပါအသက်ဝင်လှသည်။

မြန်မာနိုင်ငံရှိ ထားဝယ်အထူးစီးပွားရေးဇုန်မှာ မဟာဗျူဟာပင်လယ်ထွက်ပေါက်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ ပြည်သူများအတွက် ဝမ်းသာဖွယ်သတင်းကောင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲမှာ မိမိနိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးရွက်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ရုရှား-မြန်မာစီးပွားရေးဖိုရမ်အပြီးတွင် ခဏတာမျှအနားရသော မွန်းလွဲအချိန်လေးမှာပင် အနားမယူနိုင်သေးဘဲ ဂါရဝပြုလာရောက်တွေ့ဆုံသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အားလက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒူးမားလွှတ်တော်သို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များစေလွှတ်၍ အတွေ့အကြုံများဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တစ်ဆက်တည်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E.Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များက လာရောက်တွေ့ဆုံ၍ ဂါရဝပြုနှုတ်ဆက်ကြသည်။ ယင်းအဖွဲ့က ကာမီးကီယာပြည်နယ်ရှိ ဗုဒ္ဓဥယျာဉ်အတွင်း မြန်မာနိုင်ငံမှ စေတီတော် သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်အား လာရောက်တည်ထားကိုးကွယ်စေလိုမှု၊ မြန်မာနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ကာမီးကီယာပြည်နယ်သို့ လာရောက်လေ့လာစေလိုမှုများကို ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ စိန့်ပီတာစဘတ်သို့ ဆက်လက်ခရီးနှင်ရန် ၂၀၂၅ ခုနှစ် မတ်လ ၅ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနေ့ ဒေသစံတော်ချိန်ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ရောက်ရှိကြသည်။ လေဆိပ်တွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev၊ မြန်မာကောင်စစ်ဝန်ချုပ်ဦးအောင်ဇေသက်နှင့်တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ်မြို့၏ ရာသီဥတုမှာ အနည်းငယ် ပို၍အေးမြသည်။ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မျှရှိသည်။ နိုင်ငံတော်အကြီးအကဲမှာခရီးပန်းဟန်မရှိ၊ လန်းဆန်းတက်ကြွစွာပင် လာရောက်ကြိုဆိုသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်နေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်(Official State Visit) ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။

ဤသည်တို့မှာ အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ခြေလှမ်းညီညီအားသစ်တည်၍ ရှေ့သို့လှမ်းချီလျက်ရှိသော သမိုင်းတွင်မည်သမိုင်းဝင်ခြေလှမ်းများပင်ဖြစ်ပါသတည်း။ ။

ရက်ရှည်ရုံးပိတ်ရက်ကာလ ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများပိုမိုဝင်ရောက်နိုင်ဟု ခန့်မှန်းထား

ရန်ကုန် မတ် ၁၁

ရုံးပိတ်ရက်ရှည်ဖြစ်သော မတ်လ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တာကာလအတွင်း ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများပိုမိုဝင်ရောက်လာမည်ဟု ပုဂံဒေသခံတို့က ခန့်မှန်းထားကြောင်း သိရသည်။

ယမန်နှစ်က ရွှေစက်တော်ဘုရားပွဲရာသီတွင် ပုဂံမှရွှေစက်တော်သို့လည်းကောင်း၊ ရွှေစက်တော်မှ ပုဂံသို့လည်းကောင်း ခရီးသွားများ တဖွဲဖွဲဝင်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ပပွားတောင်သို့လည်း သွားရောက် လည် ပတ်ကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

“မနှစ်ကဒီအချိန် ပုဂံမှာခရီးသွားမပြတ်စည်ကားနေပြီး သင်္ကြန်ကာလအထိ ခရီးသွားမပြတ်ခဲ့ပါဘူး ဒီအပတ် ရက်ရှည်ပိတ်ရက် ငါးရက်ဆိုတော့ ခရီးသွားတွေအတွက်ရွှေစက်တော်ဘုရားလည်း ဘုရားဖူးလည်ပတ်ဖို့ အချိန်ရပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာဆိုရင် နိုင်ငံခြားသားခရီးသွားအများစုက အထင်ကရဘုရားစေတီတွေမှာရှိတဲ့ နံရံဆေးပန်းချီတွေနဲ့ ဗိသုကာလက်ရာတွေကို ကြည့်ရှုလေ့လာကြတာများပါတယ်။ Grade-12 ကလွဲရင်ကျောင်းပိတ်ချိန်ဖြစ်တဲ့အတွက် ရက်ရှည်ရုံးပိတ်ရက်ကာလမှာ ပုဂံကို ခရီးသွားဝင်ရောက် လာမယ်လို့ ဒေသခံတွေကခန့်မှန်းထားကြပါတယ်”ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုဂံယဉ်ကျေးမှုဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လာပါက ရွှေစည်းခုံ၊ ငှက်ပစ်တောင်၊ တုရင်တောင်၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညူ၊ ကန်တော့ဝပလ္လင်၊ ဗူးဘုရား၊ မဟာဗောဓိ၊ မြစေတီ၊ မနုဟာ၊ လောကနန္ဒာ၊ ဓမ္မရာဇာ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ပြာသာဒ်ကြီး စသည့် အထင်ကရ ဘုရား၊ စေတီ ၁၈ ဆူသို့ အများဆုံးလည်ပတ်ကြလေ့ရှိသည်။



“ပုဂံမှာကအေးချမ်းပါတယ်။ အခုလို ရုံးပိတ်ရက်ရှည်ကာလမှာ လည်ပတ်ဖို့ အကောင်းဆုံးပါ။ မြန်မာမှန်ရင် ပုဂံရောက်ဖူးမှ မြန်မာလို့သတ်မှတ်တဲ့စကားပုံလည်းရှိပါတယ်။ ရုံးပိတ်ရက်ရှည်ကာလမှာ ခရီးသွားပိုမိုဝင်ရောက်မယ်လို့ ဒေသခံတွေ ခန့်မှန်းထားတာကြောင့်ခရီးသွားအားလုံးကို ဒေသခံတွေကကြိုဆိုနေပါတယ်။ မနှစ်က သင်္ကြန်မှာလည်း ညောင်ဦးမြို့မှာ ဗဟို မဏ္ဍပ်ရှိတဲ့အတွက် ပုဂံမှာလည်း ခရီးသွားစည်ကားခဲ့ပါတယ်။ ပုဂံမှာ လည်ပတ်ပြီး ရွှေစက်တော်မှာ အပန်းဖြေအနားယူလိုတဲ့ ဘုရားဖူးတွေအတွက် ဒီရုံးပိတ်ရက်ဟာ အကောင်းဆုံး အပန်းဖြေခရီးသွားကာလ လည်းဖြစ်ပါတယ်”ဟု ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ဧရိယာအားဖြင့် စတုရန်း ၁၄၂၉၅ မိုင်ကျယ်ဝန်းပြီး ပုဂံယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ၊ ဂူ ၃၈၂၂ ဆူနှင့် တန့်ကြည်တောင် ဧရိယာ၌ ၁၅ ဆူဖြင့် စုစုပေါင်း ၃၈၃၇ ဆူတည်ရှိ၍ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များစုဝေးရာ ပုဂံဒေသသို့ ယခုရုံးပိတ်ရက်ရှည်ကာလ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ဒေသခံများက ခန့်မှန်းထားကြောင်း သိရသည်။ **ဓာတ်ပုံ – ဇွဲမာန် – သစ္စာ(MNA)**

တည်ဆောက်ရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာရေး လုပ်ငန်းများ မြို့တော်ဝန် ဦးဗိုလ်ဌေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းက သာကေတမြို့နယ်ရှိရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာသို့ သွားရောက်၍ စင်တာအတွင်း/အပြင် သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် သဃ်ိန်းကျွန်းမြို့နယ် ဝေဖယ္လာလမ်းနှင့် သစ်ရာပင်လမ်းထောင့်ရှိ ရေစုကန်သို့သွားရောက်၍ ကန်ရေပြင်ကြည်လင်သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ရေစုကန်အနီး မြေယာရှုခင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံရှိစီမံခန့်ခွဲရေးရုံး သို့ရောက်ရှိပြီး ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းနှင့် မကွေရာမင်းသားကြီး မောင်ပျိုးလမ်း၊ ကနောင်မင်းသားကြီး လမ်းထောင့်တို့တွင် Box Culvert တည်ဆောက်ရန် မြေညှိပြုပြင်နေမှုနှင့် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် ရေစုကန်ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများနှင့် လူသွားစင်္ကြံ Interlock ခင်းကျင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

WYTU ၌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး၊ ကျောင်းသားများကို နူတ်ဆက်အားပေး

နေပြည်တော် မတ် ၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ်လ ၈ ရက် မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (West Yangon Technological University–WYTU) သို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုနှင့် Multipurpose Hall အခြေအနေများ၊ အဓိပတိလမ်းမကြီးတွင် အရိပ်ရပင်များ၊ ပလက်ဖောင်းနှင့် လမ်းမီးတိုင်များတပ်ဆင်ပြီးစီးမှု၊ ယာဉ်ရပ်နားရန် နေရာများနှင့် Drainage System လုပ်ငန်းများ၊ တက္ကသိုလ်ဓမ္မာရုံ တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု၊ Recreation Center တည်ဆောက်ရန် လျာထားမြေနေရာ၊ ဘောလုံးကွင်းတည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုနှင့် Master Plan ဆိုင်ရာလုပ်ငန်းများအတိုင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များ အတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် အင်ဂျင်နီယာဘာသာရပ်များအလိုက် စာသင်ခန်းများအသီးသီးတွင် စိတ်ရွှင်လန်းချမ်းမြေ့စွာ သင်ကြားလျက်ရှိကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဒုတိယဝန်ကြီးသည် ဆိုလာစနစ်တပ်ဆင်သုံးစွဲထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသားများ လေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး စာအုပ်များထားရှိမှုနှင့် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ခေတ်မီစာကြည့်တိုက်ဖြစ်စေရေးအတွက် နည်းပညာအဆင့်မြှင့်တင်ဆောင်ရွက်သွားရန်မှာကြားပြီး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၀၀)

တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကျင်းပ

တောင်တွင်းကြီး မတ် ၁၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူအသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ကြိုးစားဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမိုးမိုးမြင့်က မိတ်ဆက်စကားပြောကြားပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက မှတ္တဘအမွေအနှစ်ဒေသများဌာနခွဲ ဗိသုနိုးဌာနစုမှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အကြောင်း၊ မြန်မာ့သနပ်ခါးကို ရရှိအသုံးပြုသည့်နည်းလမ်းများအကြောင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO အသိအမှတ်ပြုစာရင်းတင်သွင်းခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့် အကြောင်းအရာများနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ပြည်သူများ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့နှင့်ပတ်သက်၍ လေ့လာသိရှိနိုင်စေရန်အတွက်အဆိုပါအသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်နောင်(ဗိသုနိုးမြေ)

နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် မတ် ၁၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ **(မိုး/၈လ)**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁၁

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးလောင်မှုအခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ မီးငြိမ်းသတ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန်က ဝန်ကြီးဌာန၏ မီးဘေးလုံခြုံရေးစီမံချက်ပါ သာမန်အချိန်၊ မီးလောင်မှုဖြစ်ပေါ်ချိန်နှင့် မီးလောင်ကျွမ်းပြီးချိန်တို့တွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ အဖွဲ့များဖွဲ့စည်းဆောင်ရွက်ထားရှိမှုများနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးငြိမ်းသတ်ခြင်းအား သရုပ်ပြရှင်းလင်းကာ ဝန်ထမ်းများက လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၄)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၂) သင်တန်းဆင်း

နေပြည်တော် မတ် ၁၁

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၄)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၂)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံ့ဝန်ထမ်းများသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည့် အတွက် အရည်အချင်းနှင့် ကျွမ်းကျင်မှု၊ လုံလဝီရိယနှင့် တာဝန်ကျေပွန်မှု စိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည့် အတွက် တစ်ဦးချင်းစီအနေဖြင့် မိမိတို့တတ်နိုင်သည့်တက်မှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းပြောကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၄)၏ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်ခဲ့သည်။

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၄)သို့ သင်တန်းသား ၆၅ ဦး၊ သင်တန်းသူ ၅၀ စုစုပေါင်း ၁၁၅ ဦးနှင့် အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၀၂)သို့ သင်တန်းသား ၁၃၅ ဦး၊ သင်တန်းသူ၃၄ ဦး စုစုပေါင်း ၃၈၉ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၀)**

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

နေပြည်တော် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်း အသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၅-၃-၂၀၂၅ ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၄-၁၁-၂၀၂၄ ရက်နေ့မှ ၁၄-၂-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၃၅ ဦး ပေါင်း ၃၇ ဦးအား အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၀၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၁၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။**ပြန်ကြားရေးဝန်ကြီးဌာန**

ရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးအပ်

နေပြည်တော် မတ် ၁၁

ရာဂိမုန်တိုင်းအရှိန်ဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မွေးမြူရေးတိရစ္ဆာန်များ အစားထိုးပြန်လည်မွေးမြူနိုင်ရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ကြစေရန် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်၌ မွေးမြူရေးတိရစ္ဆာန်များပေးအပ်ခြင်း အခမ်းအနားကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်အားပေးသည်။

အခမ်းအနား၌ ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် မွေးမြူရေးတိရစ္ဆာန်များ၊ ကောက်ပဲသီးနှံများ၊ အဆောက်အအုံများကို ကဏ္ဍအလိုက် ပြန်လည်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တွင်ဆုံးရှုံးရသည့်မွေးမြူရေးတိရစ္ဆာန်ကောင်ရေများပြည့်မီအောင် ဖြည့်ဆည်းပေးလျက်ရှိရာ ယနေ့တွင် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်မှ မွေးမြူသူ ၅၅ ဦးအတွက် ဒေသန္တရအကောင် ၁၁၀ ကို ဖြည့်ဆည်းပေးအပ်သွားမည်ဖြစ်ရာ မွေးမြူရေး တောင်သူများအနေဖြင့်လည်း ပြန်လည်ရရှိသည့် မွေးမြူရေးတိရစ္ဆာန်များကို တိုးပွားလာစေရန်နှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများ တိုးတက်လာရေးကြိုးပမ်းပေးကြရန် အားပေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သဘာဝဘေး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတောင်သူ ၅၅ ဦးအတွက် ဒေသန္တရအကောင် ၁၁၀ ကို ပေးအပ်ကြပြီး မွေးမြူရေးတောင်သူများကိုယ်စား အနော်ရထာရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၁၅၅	၃၂၇၀	၃၂၃၅	၃၁၇၀	၃၂၇၅	၃၂၉၀	၃၃၁၀	၃၂၂၅	၄၅၈၅	၃၅၂၀	၃၂၄၅	၃၂၄၅	၃၃၁၅	၃၂၈၀	၃၃၀၀	၃၅၆၀
95 Ron	၃၂၈၅	၃၃၂၀	၃၂၈၅	၃၂၂၀	၃၃၂၅	၃၃၄၀	၃၃၆၀	၃၂၇၅	၄၅၆၀	၃၅၇၀	၃၂၉၅	၃၂၉၅	၃၃၆၅	၃၃၃၀	၃၃၅၀	၃၆၁၀
HSD (500 ppm)	၂၆၉၀	၂၈၀၅	၂၇၇၀	၂၇၀၅	၂၈၁၀	၂၈၂၅	၂၈၄၅	၂၇၆၅	-	၃၀၅၅	၂၇၈၀	၂၇၈၀	၂၈၅၀	၂၈၁၅	၂၈၄၀	၃၀၉၅
HSD (50 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	၄၈၃၀	၃၆၉၅	၃၄၂၀	၃၄၂၀	၃၄၉၀	၃၄၅၅	၃၄၇၅	၃၅၃၅
HSD (10 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	-	၃၆၉၅	၃၄၂၀	၃၄၂၀	၃၄၉၀	၃၄၅၅	၃၄၇၅	၃၅၃၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၈၂	၃၀၇၅
95 Ron	၃၀၃၀	၃၁၂၄
HSD (500 ppm)	၂၅၃၂	၂၆၁၃
HSD (50 ppm)	၃၁၅၁	၃၂၄၄
HSD (10 ppm)	၃၁၅၁	၃၂၄၄



ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မဟိုရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မဟိုရိမ်တိုက်သစ် ဆရာတော်ကြီးတို့အမှူးပြုသည့် ၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့်ပြည်တွင်း၊ ပြည်ပဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။





အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်စဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မဓိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို “နမော အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့တဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီးတို့က လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး နှင့် ဇနီးတို့က လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။

ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘုရားကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၁၅ သို့** ★



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်မန္တလေးမြို့မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော်ကြီးတို့အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။





ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer day meal to Sayadaws who will be conferred on religious titles for 2025





SAC Chairman Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and congregation share merit gained at the day-meal offering ceremony to title-winning Sayadaws.

NAY PYI TAW March 11

Ceremony to present offertories to Sayadaws who will be conferred on religious titles for 2025 was held at Aggadipati Sasana Beikman in the precinct of Maravijaya Buddha Park here this morning.Chairman of State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offered day meal to the Sayadaws.

Present were 118 Sayadaws from the country and abroad and two nuns who will receive religious titles led by specially invited Chairman of State Sangha

See Page - 21►►

SAC Chairman Prime Minister Senior General Min Aung Hlaing receives Special Envoy for Asian Affairs of Ministry of Foreign Affairs of China H.E. Mr. Deng Xijun

NAY PYI TAW March 11

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Special Envoy for Asian Affairs of the Ministry of Foreign Affairs of China H.E. Mr. Deng Xijun at the parlour of the Office of the Chairman of the State Administration Council in Nay Pyi Taw this evening.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC member Lt-Gen Yar Pyae, Union Minister for Home Affairs Lt-Gen Tun Tun Naung and officials and the special envoy was accompanied by officials from the Chinese Embassy in Myanmar.

During the meeting, they frankly discussed China's plans to cooperate positively in the implementation of the five-roadmap by the government of Myanmar and the Tatmadaw and preparations for election, China's cooperation in the peace process of Myanmar, cooperation between the two countries in prevention of narcotic drugs and elimination of online gambling and scams and border trade between two countries.

100



SAC Chairman Prime Minister Senior General Min Aung Hlaing and Special Envoy for Asian Affairs of the Ministry of Foreign Affairs of China H.E. Mr. Deng Xijun discuss cooperation in Nay Pyi Taw.

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

►► From Page - 21

Before the inauguration of the ceremony, the Senior General offered meal in the Emerald Bowl and fruits, flowers, water and lights to the Maravijaya Naungdawgyi Buddha Image in the Aggadipati Sasana Beikman.

The ceremony was inaugurated by reciting Namotassa three times and the congregation led by the Senior General and wife, received the Five Precepts from the SSMNC Chairman Sayadaw. Sadadaws then recited suttas.

Senior General Min Aung Hlaing and wife presented offertories to the SSMNC Chairman Sayadaw, the Vice-Senior General and wife, to SSMNC Secretary Sayadaw and the SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, and other dignitaries, to Sayadaws who will receive religious titiles.

Daw Kyu Kyu Hla presented offertories to nuns who will receive religious titles.

The SSMNC Secretary Sayadaw delivered a sermon, followed by the sharing of merits gained and the recitation of Buddha sasanam ciramtithatu three times to mark the conclusion of the ceremony.

After the ceremony, the Senior General and wife and attendees offered day meal to the SSMNC Chairman Sayadaw, SSMNC Secretary Sayadaw, Sayadaws from the country and abroad and nuns who will receive religious titles. **100**

●● From Page - 20

deep-sea port project will enable participation in the Myanmar-China Economic Corridor and enhance bilateral cooperation under the Belt and Road Initiative.

Regarding the Dawei Special Economic Zone, discussions have focused on the dissolution of the SPV (Special Purpose Vehicle). It is necessary for Myanmar, Thailand, and Japan to coordinate and finalize this matter. During a recent visit by a delegation led by the Chairman of the State Administration Council Prime Minister to the Russian Federation and Belarus, significant opportunities related to the Dawei Special Economic Zone were identified. It is expected that progress will soon accelerate. Therefore, necessary preparations should be made now to ensure that investors can carry out their operations smoothly and efficiently. Relevant authorities are urged to take appropriate actions.

The Vice-Senior General emphasized the need to continue addressing legal matters smoothly with relevant experts and procedures, even though the Italian-Thailand issues have been resolved. He stressed the importance of working toward a win-win outcome for all parties, including investors.

As this marks the second meeting of the 2024-2025 FY, the Vice-Senior General urged the relevant management committees to present progress from the previous meeting and outline upcoming plans. He highlighted that only through future preparedness and zone-specific actions can businesses seamlessly connect with investors at any time. Additionally, he called on the central members of Myanmar's Special Economic Zones to discuss and provide recommendations on sector-specific developments.

Then, Secretary 1 of the Central Working Committee for Myanmar Special Economic Zone, Union Minister for Investment and Foreign Economic Relations, Dr Kan Zaw, explained the investment issues related to Myanmar Special Economic Zones and the Dawei Special Economic Zone during the Prime Minister's visit.

Then, Secretary 2 of the Central Working Committee for Myanmar Special Economic Zone, Union Minister for Commerce, U Tun Ohn, explained the implementation status of the decisions of the first meeting of the Myanmar Special Economic Zone for the 2024-2025 FY.

Next, the chairmen of the management committees of Thilawa Special Economic Zone, Kyaukpyu Special Economic Zone and Dawei Special Economic Zone read out the orders submitted to the Central Working Committee for Myanmar Special Economic Zone meeting and obtained the approval.

Then, the Union Ministers and those attending the meeting discussed and presented their suggestions and issues related to the operation of the special economic zones in their respective sectors.

Then, the Secretary of the Central Working Committee for Myanmar Special Economic Zone read out the draft resolution of the second meeting of the Central Working Committee for Myanmar Special Economic Zone for the 2024-2025 FY and obtained approval.

Then, the Chairman of the Central Working Committee for Myanmar Special Economic Zone, Vice Chairman of the State Administration Council, Deputy Prime Minister, made a clarification and coordination regarding the presentations, made a concluding speech, and adjourned the meeting. **100**

More than 3,000 acres of green gram harvested in Kyaukmyaung Sub-Township

KYAUKMYAUNG March 11

According to records from the Kyaukmyaung Town Agriculture Department, the harvest of green gram from 3,905 acres in the current monsoon cropping season has been completed in Kyaukmyaung Sub-Township, Shwebo District, Sagaing Region.

In the Kyaukmaung Sub-Township, a total of 3,905 acres of green gram were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all 3,905 acres have been harvested, yielding an average of 18.35 baskets per acre.

"This year, a total of 3,905 acres of green gram were cultivated during the monsoon planting season in the Kyaukmyaung Sub-township. All of the cultivated green gram fields have now been fully harvested. Regarding green gram cultivation, there will be educational initiatives to encourage expanded cultivation, as well as guidance on using high-quality seeds to achieve better yields," said Daw Khin Win, head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Sub-Township Agriculture Department has conducted awareness-raising activities for green gram farmers to ensure: access to quality and pure seeds suitable for the region, correct farming techniques, prevention of pest infestations, systematic use of fertilizers, and improvement of crop yields.

During this year's monsoon crop planting season, efforts have been made in collaboration with farmers to ensure good yield rates and quality for various strains of pulses. This includes providing quality seeds, fertilizers, and post-harvest technology support. **SK**

Farmers finish harvesting of monsoon paddy in Tamu District

TAMU March 11

The statistics of Tamu District Agriculture Department stated that a total of 48,716 acres of monsoon paddy has been harvested in Tamu District of Sagaing Region.

Farmers planted 48,716 acres of monsoon paddy in the district this monsoon. They started harvesting of crops in October 2024 and so far have harvested all 48,716 acres of monsoon paddy, yielding 81.13 baskets of paddy per acre.

U Hla Myint, Head of Tamu District Agriculture Department said: "Local farmers grew 48,716 acres of monsoon paddy in Tamu District. They have harvested all acres of monsoon paddy so far. Our department provided necessary agricultural techniques and quality strains of crops to farmers. Moreover, our department helped local farmers grow monsoon paddy in time."

In Tamu District, farmers from Myothit Township harvested 12,917 acres of monsoon paddy, Tamu Township 14,831 acres and Khampak 20,968 acres, totalling 48,716 acres.

This year, officials from relevant Agriculture Departments cooperated with local farmers in systematically growing paddy without any difficulties.

In Tamu District, agricultural officials raised farmer awareness to apply advanced agricultural techniques, prevent pests, minimize loss and waste of crops and keep harvested paddy under shelter in time.

Staff members from the relevant township Agriculture Departments in Tamu District helped local farmers use quality strains of paddy, conduct surveillance of pests, weed farmlands, remove different paddy strains and systematically use chemical fertilizers. **SMK**

Palin Kanthaya Elephant Camp prepares for Thingyan Festival

NYAUNGU March 11

According to the camp's official, plans are underway for visitors to enjoy the Water Festival during the upcoming Thingyan at Palin Kanthaya Elephant Camp.

It is located near Palin (West) Village on the Myingyan-Pakokku highway, NyaungU Township, Mandalay Region, on the bank of the Ayeyawady River.

Preparations include installing floating buoys, water pipes, and sprinkles in March and renovating guest tents.

"For Thingyan, we have plans to start next month. We plan to organize water play in the river during Thingyan, provide more food services, and photo scenes. We have started working. The buildings are already there. We will renovate the floating buoys and buildings, reinstall the water pipes and prepare the sprinkles so that visitors can play water. We are currently renovating the tents for visitors to rest," said U Myo Min Ko, head of the camp.

Palin Kanthaya Elephant Camp received thousands of visitors from the Thingyan period last year until the Myanmar New Year. **SMK**

SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win delivers address at the second meeting of Myanmar Special Economic Zone Central Committee for 2024-2025 FY

NAY PYI TAW March 11

The Myanmar Special Economic Zone Central Committee held the second coordination meeting for 2024-2025 financial year at the conferencing hall of the Ministry of Commerce in Nay Pyi Taw this afternoon, with an address by Central Committee Chairman Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Central Committee members Union ministers, deputy ministers, chairmen of the management committees for Thilawa, Kyaukpyu and Dawei SEZs, directors-general and officials together with Chief Ministers of Yangon and Taninthayi regions and Rakhine State through video conferencing.



Vice-Senior General Soe Win delivers address at the meeting.

First, the Vice-Senior General delivered a speech, saying that the special economic zones must be implemented in line with provisions of the Myanmar Special Economic Zone Law and bylaw enacted in 2014 and these must be aligned with the current situation of the State. According to the current geopolitic conditions, it is necessary to establish special economic zones with economic and political points of view. Hence, central committee members have to combine political and economic situations for implementation of the Thilawa SEZ as well as Kyaukpyu and Dawei SEZs.

The economic objectives of the State Administration Council consist of three main focuses. Among them, one key direction is to utilize the growing economic momentum as a driving force to support MSME (Micro, Small, and Medium Enterprises) industries and promote the export sector. In line with this direction, special economic zones must also prioritize their operations accordingly. Special economic zones and exclusive zones exist in countries worldwide, with each country enacting specific laws and regulations to govern them. Similarly, to attract investments in Myanmar's special economic zones, incentives, tax exemptions, and promotional activities must be implemented according to the country's policies. In Myanmar, the 2014 Special Economic Zone Law and rules have already defined these aspects.

In investing at special economic zones of Myanmar, the guidance of the Prime Minister to promote export volume is a key role in implementing the tasks of investment. In this regard, it is necessary to invite investments to SEZs with priority on manufacturing of export products. At Thilawa SEZ, export volume amounted to US$-163.466 million from April to January in 2024-2025 financial year and import volume valued at US$-599.284 million, and its total trade volume amounted to US$-722.75 million. However, such an amount is lesser than SEZs of neighbouring countries. Hence, officials of the SEZ management committees and officials have to review SEZ conditions of surrounding countries to improve own SEZs and decline the deficit of export and import volumes as much as possible.

Similarly, in the upcoming Kyaukpyu Special Economic Zone and Dawei Special Economic Zone, it is essential to identify and invite entrepreneurs who prioritize export-oriented production to enhance the country's exports. An analysis of the current imports and exports of the Thilawa Special Economic Zone shows that the most imported raw materials include agricultural machinery, components for electronic device production, raw materials for car spare parts, and materials for can manufacturing. Similarly, the primary exports include clothing, surgical gloves, electronic equipment, pharmaceuticals, and speakers.In the export sector, efforts must be made to increase exports beyond current levels. In the import sector, it is also essential to engage with MSME businesses to assess how much of the imported goods they can replace with their own production.By substituting imports and collaborating with local MSMEs, efforts are being made to reduce foreign currency expenditure and boost exports.Maintaining high-quality standards is essential when producing import-substituting goods in MSME businesses.

The Thilawa Special Economic Zone is being split into two areas: a Free Zone and a Promotion Zone.While businesses in the Free Zone face no foreign currency difficulties, those operating in the Promotion Zone experience varying levels of foreign currency difficulties, depending on the circumstances. It is reported that the relevant ministries and the Foreign Exchange Supervisory Committee are working diligently to resolve some of these issues.To reduce foreign exchange expenditure, MSME products must be developed to replace a significant portion of imports, thereby reducing the need for imported raw materials. To reduce foreign exchange expenditure, MSME products must be developed to replace many imported goods, which will reduce the need for imported raw materials.

The income generated from collaborating with MSME businesses and substituting imported products is estimated at US$-6.0596 million and over Ks-51 billion for the 2024-2025 period.I would like to urge the agencies responsible for MSMEs, as well as the relevant state and regional officials, to take more decisive actions to ensure that MSME products are supplied in the import substitution sector of special economic zones, in accordance with the policy set by the Head of State.Regarding tax collection, statistics for January 2025 show that tax revenue amounted to Ks-935 million, commercial tax exceeded Ks-9 billion, advance income tax reached Ks-2.2 billion, and income tax totaled Ks-2.68 billion.I would like to urge the organizations providing One Stop Service to work towards fully collecting tax revenue, in accordance with the country's interests, complete tax collection, and the prevention of corporate fraud.

In the implementation of special economic zones, efforts are being made to promote the national economy. In this process, MSMEs play a crucial role, and their contribution is essential for the successful establishment of these zones. These zones are expected to significantly benefit the country's economy, and continuous efforts are required to ensure their success.

The primary requirement for special economic zones and industrial zones is the availability of sufficient electricity. Therefore, it has been suggested to establish independent solar power plants in the Thilawa Special Economic Zone. Initially, the capacity was only a few hundred kilowatts, but due to its effectiveness, the initiative was pursued. According to current data, once fully installed, the production capacity will reach nearly 16 megawatts. Additionally, the Tatmadaw has installed a 20-megawatt solar plant, which is expected to break even in three and a half years. This not only makes financial sense but also allows surplus electricity to be sold back to the national grid. Relevant companies and business owners are encouraged to consider this approach, and similar discussions should be included in the planning of future special economic zones.

Furthermore, discussions on the Kyaukpyu Special Economic Zone were continued. The Concession Agreement for the deep-sea port project in the Kyaukpyu Special Economic Zone was signed on November 5, 2020. An Addendum to this agreement was signed on December 26, 2023, in Naypyidaw between the project company and the Kyaukpyu Special Economic Zone Management Committee, extending the Long Stop Date to June 25, 2025. It is imperative that all necessary tasks be completed two months before this deadline. The working committee is actively engaged in this process, and other involved committees are urged to expedite the completion of tasks within the given constraints.

The Kyaukpyu Special Economic Zone holds significant geopolitical, economic, and political importance. It is crucial for the country and offers substantial benefits to both local residents and the nation. Successfully implementing the

See Page -19 ●●

►► From Page - 18

Maha Nayaka Committee (SSMNC) Thanlyin Minkyaung Monastery Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi pariyati school in Mandalay Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa. The Senior General and wife were accompanied by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander and officials.

See Page - 19►►



SAC Chairman Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present offerings to the SSMNC Chairman Sayadaw.



Senior General Min Aung Hlaing offers a day meal to a Sayadaw.



Daw Kyu Kyu Hla, the wife of the Senior General, offers a day meal to a Sayadaw.



A Sayadaw accepts offerings presented by a high-ranking SAC official.



A Sayadaw accepts offerings presented by a high-ranking SAC official and wife.



A Sayadaw accepts offerings presented by a high-ranking SAC official and wife.



A Sayadaw accepts offerings presented by a high-ranking SAC official and wife.

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး(၁၀၀၀)အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၁၁

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး(၁၀၀၀)အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီအချိန်တွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ကျင်းပသည်။





အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး(၁၀၀၀)အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကျင်းပစဉ်။

ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပထမနေ့တွင် သာသနာနွယ်ဝင်သီလရှင်အပါး(၁၀၀၀)အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် အလှူခံကြွရောက်လာကြသည့် ဆရာကြီး/ဆရာလေးများက ကောင်မှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ဝိပဿနာတရားများ ပွားများအား ထုတ်လျက်ရှိကြသည့် သာသနာနွယ်ဝင်သီလရှင် ဆရာကြီး/ဆရာလေးများကကျောင်းတိုက်များအလိုက် စနစ်တကျစီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ ပြည်ပမှ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော် (၁၀၀၀)အိတ်၊ ဆီ (၂၀၀၀) ပိဿာ၊ ပဲတစ်ပြည်ဝင်အိတ် (၁၀၀၀)အိတ်နှင့် လှူဖွယ်ပစ္စည်းများအား စစ်ကိုင်းတောင်ရိုးရှိ သီလရှင်စာသင်တိုက်များမှ သာသနာနွယ်ဝင်သီလရှင် ဆရာကြီး/ ဆရာလေးများကို လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

လှည်းကူးမြို့နယ်၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲအခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုခန်းမ၌ ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လာမည့်ဘဏ္ဍာနှစ်အတွက် သင်တန်းလျာထားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသားသုံးဦးအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၁၁ ရက်မှ မတ်လ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းနည်းပြများက လျှပ်စစ်ပိုင်းဆိုင်ရာ စာတွေ့လက်တွေ့များကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ လှည်းကူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသားများ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

အေးအေးနွဲ့(ပြန်/ဆက်)



ဒေါပုံမြို့နယ်၌ အနာဂတ်ရင်သွေးငယ်များ လိမ္မာယဉ်ကျေးမှုရှိစေရေး ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အနာဂတ်ရင်သွေးငယ်များ လိမ္မာယဉ်ကျေးမှုရှိစေရေး ယဉ်ကျေးလိမ္မာသင်တန်းကို ယမန်နေ့က ဖွင့်လှစ်သည်။

ရှေးဦးစွာ ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းဆရာ ဦးအုန်းလွင်က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းဆရာများ၏ ဦးဆောင်သင်ကြားမှုဖြင့် ဆက်လက်ဖွင့်လှစ်သင်ကြားခဲ့ရာ ဒေါပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားခဲ့ကြသည်။

အဆိုပါသင်တန်းကို မတ်လ ၁၀ ရက်မှ ၂၀ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း သင်ကြားပို့ချပေးလျက်ရှိကြောင်းသိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

၁၂-၃-၂၀၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/၈လ)

တိုက်ရိုက်မျိုးစေ့ချစပါးစိုက်ပျိုးထုတ်လုပ်မှုနည်းလမ်းများ၏အကျိုးအမြတ်

သိဂဒြင့် (YAU)

ဆန်စပါးသည် မြန်မာပြည်သူလူထု၏ အဓိကစားသုံးသော သီးနှံဖြစ်သည့်အပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးသော သီးနှံတစ်ခုဖြစ်သည်။ ဆန်သည် ကမ္ဘာပေါ်တွင် စားသုံးမှုအများဆုံးနှင့် ထုတ်လုပ်မှုဒုတိယအများဆုံးသီးနှံလည်းဖြစ်သည်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို အာရှတိုက်မှ ထုတ်လုပ်သည်။ တရုတ်နှင့် အိန္ဒိယသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ တစ်ဝက်ကျော်ရှိပြီး ဆန်အများဆုံးထုတ်လုပ်သော နိုင်ငံများလည်းဖြစ်သည်။ ဆန်သည် ကမ္ဘာ့လူဦးရေ ၇ ဒသမ ၇ ဘီလီယံ၏ထက်ဝက်ကျော်အတွက် အဓိကအစားအစာဖြစ်သည့်အပြင် အာရှနိုင်ငံအများစုတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုတို့နှင့် သက်ဆိုင်သည့်အရေးကြီးသော ကုန်စည်ဖြစ်သည်။

ဆန်စပါးထုတ်လုပ်မှုသည်မြန်မာနိုင်ငံ၏ စားရေရိက္ခာဖူလုံမှုအတွက် အဓိကကျသော ကဏ္ဍာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့သည် အဓိကဆန်စပါးစိုက်ပျိုးသောဒေသများဖြစ်ပြီး တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင်လည်း အများအားဖြင့် စိုက်ပျိုးကြသော အဓိကသီးနှံတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏တောင်သူများ စိုက်ပျိုးရာတွင် ဆန်စပါးစိုက်ပျိုးမှု နည်းလမ်းများအနေဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် တိုက်ရိုက်စိုက်ပျိုးခြင်း နည်းလမ်းနှစ်မျိုးကို အဓိကတွေ့ရှိရသည်။ ယခုလက်ရှိအချိန်တွင် တောင်သူအများစုသည် စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းကို ပိုမိုအသုံးပြုလာကြောင်း လေ့လာတွေ့ရှိရသည်။

တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းသည် တောင်သူများအတွက် ကုန်ကျစရိတ်သက်သာစေခြင်း၊ အချိန်တိုအတွင်း စိုက်ပျိုးပြီးစီးနိုင်ခြင်းနှင့် မိုးလေဝသပြောင်းလဲမှုများကို ခံနိုင်ရည်ရှိစေခြင်းစသော အကျိုးကျေးဇူးများကို ရရှိနိုင်သော်လည်း ရွှေ့ပြောင်းစိုက်ပျိုးခြင်းသည် စပါးခင်းတွင် ပေါင်းမြက်ပြဿနာကို လျော့ပါးစေသော အဓိက အားသာချက်ရှိသည်။



အစိုတိုက်ရိုက်မျိုးစေ့ချစပါးစိုက်ပျိုးနည်း။



မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း။

တောင်သူများသည် တိုက်ရိုက်မျိုးစေ့ချစပါးစိုက်ပျိုးခြင်းတွင် (၁) အစိုတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၊ (၂) အခြောက်တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် (၃) မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဟူသော နည်းသုံးမျိုးကို အဓိကသုံးစွဲ၍ မိုးစပါးစိုက်ပျိုးကြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စိုက်ပျိုးစီးပွားပညာဌာန ဘွဲ့လွန်ဒီပလိုမာကျောင်းသူ မအိသန္တာလင်း၏ သုတေသနဆောင်ရွက်မှုတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တိုက်ရိုက်မျိုးစေ့ချစပါးစိုက်တောင်သူ ၇၅ ဦးကို ၂၀၂၃ခုနှစ် သြဂုတ်လတွင် စစ်တမ်းကောက်ယူ၍ တောင်သူများ၏တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသော နည်းလမ်းများအပေါ် အကျိုးအမြတ်ပြန်ရချက်များရရှိမှုကို နှိုင်းယှဉ်လေ့လာခဲ့သည်။

လေ့လာခဲ့သော တောင်သူအများစုသည် သက်လတ်ပိုင်းအရွယ်များဖြစ်ပြီး ပညာအရည်အချင်းမှာ အလယ်တန်းအဆင့်များဖြစ်သည်။ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အတွေ့အကြုံ ၂၈ နှစ်ခန့် လုပ်ကိုင်ခဲ့ကြပြီး အတွေ့အကြုံများပြားကြသည်။ နမူနာတောင်သူများသည် စပါးမျိုးခုနစ်မျိုးကို အဓိကစိုက်ပျိုးကြပြီး ဆင်းသုခစပါးမျိုးသည် နမူနာတောင်သူများ၏ ၄၀ ရာခိုင်နှုန်းက စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအများဆုံးမျိုးဖြစ်သည်။ စပါးစိုက်ပျိုးသောနည်းလမ်းအများစုမှာ (၁) အစိုတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၊ (၂) အခြောက်တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် (၃) မျိုးစေ့ချကိရိယာနှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းကို တွေ့ရှိရသည်။

နမူနာတောင်သူများအား မေးမြန်း၍ စပါးစိုက်ပျိုးမှုတွင် စိုက်ပျိုးသော နည်းလမ်းအပေါ်မူတည်၍ စိုက်ပျိုးမှုကုန်ကျစရိတ်များ၊ စပါးအထွက်နှုန်းနှင့် ရောင်းချရသော စပါးဈေးနှုန်းတို့ပေါ်တွင် အခြေခံ၍ အကျိုးအမြတ်ပြန်ရချက်များကို လေ့လာခဲ့သည်။ စပါးအထွက်နှုန်းနှင့် စပါးဈေးနှုန်းသည် မျိုးစေ့ချကိရိယာနှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းနည်းလမ်းမှ အမြင့်ဆုံးရရှိသည်။ အစိုတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းနည်းဖြင့် စိုက်ပျိုးသော တောင်သူများသည် လယ်တစ်ဧကတွင် ငွေတစ်သိန်း ရင်းနှီးမြှုပ်နှံပါက ၇၉၀၀၀ ကျပ် အမြတ်ရရှိသည် (အကျိုးအမြတ်နှင့်အရင်းအချိုး=၁.၇၉)။ အခြောက်တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသော တောင်သူများသည် လယ်တစ်ဧကတွင် ငွေတစ်သိန်း ရင်းနှီးမြှုပ်နှံပါက ၇၄၀၀၀ ကျပ် အမြတ်ရရှိသည် (အကျိုးအမြတ်နှင့် အရင်းအချိုး= ၁.၇၄)။ တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသော တောင်သူများသည် လယ်တစ်ဧကတွင် ငွေတစ်သိန်း ရင်းနှီးမြှုပ်နှံပါက အကျိုးအမြတ်ငွေ ၁၂၀၀၀၀ ကျပ် (အကျိုးအမြတ်နှင့်အရင်းအချိုး=၂.၂၀) ပြန်လည်ရရှိသည်ကို လေ့လာတွေ့ရှိရသည်။

သို့ဖြစ်ပါ၍ တိုက်ရိုက်မျိုးစေ့ချ စပါးစိုက်ပျိုးခြင်း နည်းလမ်းသုံးမျိုးတွင် အထွက်နှုန်းနှင့် အကျိုးအမြတ်အများဆုံး ရရှိသော နည်းလမ်းမှာ မျိုးစေ့ချကိရိယာဖြင့်တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသော နည်းလမ်းဖြစ်ကြောင်း တွေ့ရှိရသည်။ နမူနာတောင်သူများထံမှ ရရှိသောအချက်အလက်များအပေါ်တွင် အခြေခံ၍အထွက်နှုန်းနှင့် အကျိုးအမြတ်အနည်းဆုံး ရရှိသော နည်းလမ်းမှာ အခြောက်တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသောနည်းလမ်းဖြစ်သည်။

တိုက်ရိုက်မျိုးစေ့ချစပါးစိုက်ပျိုးနည်းစနစ်ကို တောင်သူများ ပြောင်းလဲကျင့်သုံးလာရခြင်း၏ အဓိကအကြောင်းရင်းကို ဆန်းစစ်လေ့လာရာတွင် (၁) ကုန်ကျစရိတ်သက်သာလာခြင်း၊ (၂) လုပ်ငန်းအရေးကြီးချိန်တွင် အလုပ်သမားရှားပါးခြင်းနှင့် (၃) စိုက်ပျိုးရေ အချိန်မီမရရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်း နမူနာတောင်သူများထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ကျေးလက်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် စပါးစိုက်ပျိုးခြင်းလုပ်ငန်းအပေါ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နေရပြီး စပါးစိုက်ပျိုးခြင်းမှရရှိသော အကျိုးအမြတ်သည် ကျေးလက်နေပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းအတွက် အလွန်အရေးကြီးသည်။ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရေမြေ ရာသီဥတု သဘာဝနှင့်ကိုက်ညီသော မျိုးရွေးချယ်မှုမှန်ကန်စေရန်နှင့် မျိုးကောင်း မျိုးသန့်ဖြစ်စေရန်၊ စိုက်ပျိုးသော သီးနှံနှင့် ကိုက်ညီသော မြေဆီညြှေးလုံလောက်စေရန်နှင့် စိုက်နည်းစနစ်၊ အပင်ပြုစုမှုနည်းစနစ်တို့ မှန်ကန်ရန် အရေးကြီးသည်။ ရွေးချယ်စိုက်ပျိုးသော စိုက်ပျိုးနည်းစနစ်မှန်ကန်မှသာ ပိုမိုမြင့်မားသော အကျိုးအမြတ်ရရှိရန် သေချာမည်ဖြစ်ပါကြောင်း သုတေသနကို အခြေခံ၍ ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၈၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၅၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၂၅၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၁၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၆၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၈၄၄၇၊ ၀၉-၃၄၉၀၁၄၄၄၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဒဲနူးတိုင်းဒေသကြီး)
(၁) ၀၅၁-၂၂၀၁၉၃၉၊ ၀၅၁-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ရ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(လ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဝ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(သ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မတ်လ ၈ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၇)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၇၈၉၅၄၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Golden Lion Truck (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီး၊ Chenglong Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၇၈၉၅၄၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံမငေးမြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Wave-100 မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၈ ရက်**တွင် အင်းတကော်မြို့နယ် KBZ ဘဏ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **မတ်လ ၁၀ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၉၆၅၃၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၄၀၃၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **မတ်လ ၁၀ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၇၄၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မချမ်းဘော့မြို့နယ်၊ နမ့်ခမ်းကျေးရွာအနီး၌တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ပလတ်စတစ် ပိုက်ခွံ (၁၁)လုံး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ စခတ(၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Outlander မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဟောင်း ဘူတာအထွက် (၇၈) လမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၆၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna Truck (၁)စီးနှင့် Isuzu Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၁၇၀၆၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Light Truck (၂)စီး၊ Nissan Station Wagon (၁)စီးနှင့် Isuzu Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက် ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၉၆၉၈၆၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ မြေနီကုန်းကားကြိုးဝင်းရှိ ရတနာကားဂိတ်ရှေ့၌တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၁၇၀၆၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Light Truck (၂)စီး၊ Nissan Station Wagon (၁)စီးနှင့် Isuzu Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၉၆၉၈၆၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **မတ်လ ၁၁ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်၊ တံတားတိုပဲ့ချိပ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၇၄၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၄၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ကျန်စစ်သားလမ်း၊ အမှတ်(၈၅)ရပ်ကွက်၌ တရားဝင်ယမ်းဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မေထုံအမျိုးအစား နွားသိုး (၂)ကောင် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၈၇၅၅၆၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

နောင်ချို၊ မိုးမိတ်နှင့် မိုးကုတ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပြည်သူ ၁၇ ဦး သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းအမှားများဖြန့်ဝေလျက်ရှိ



နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မိုးမိတ်မြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တို့တွင် မတ်လ ၅ ရက်နေ့မှ ၇ ရက်နေ့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၇ ဦး သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိခဲ့ကာ အဆောက်အဦ ၈၅ လုံး ပျက်စီးခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံတာဝန်ရှိသူများ၏ ဖြေကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်အနေဖြင့် အဆိုပါနယ်မြေများအတွင်း ခိုအောင်းလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သမားများ၏ သတင်းများကို တာဝန်သိပြည်သူများ၏ အတိအကျ သတင်းပေးမှုများအရ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကိုသာ လုပ်ဆောင်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား မထောက်ခံသော ရဟန်းရှင်လူပြည်သူများအား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကျေးရွာများအားမီးရှို့ခြင်း၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ရမ်းသန်းပစ်ခတ်ခြင်းများကို အဆိုပါနယ်မြေတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူများထိခိုက်သေဆုံးရသည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ထူးခြားသည့်နေ့အပူချိန်များ

၁၁-၃-၂၀၂၅

မကွေး	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ချောက်	၄၀	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
မြဝတီ	၄၀	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
အောင်လံ	၄၀	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
မင်းဘူး	၄၀	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
သိမ်ဇရပ်	၃၉	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ပဲခူး	၃၉	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
ရမည်းသင်း	၃၉	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်း	၃၉	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
တောင်ငူ	၃၉	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ဘားအံ	၃၉	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်

(စိုက်ပျိုးရေးမိုးလေဝသ)

အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် မတ် ၁၁

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် H.E. Mr. Pranav. Ganesh နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့၊ မလေးရှားသံရုံးတာဝန်ခံ Mr. Johan Ariff Abdul Razak နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှမတ်လ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၄၄၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၃၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အခြေခံကာတွန်းရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးတက်စေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန်ရည်ရွယ်၍ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းကို မတ်လ ၁၀ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် သင်တန်းဆရာ မောင်မြတ်နိုး (ရန်ကင်း) က ကာတွန်းပုံရေးဆွဲသည့် မျဉ်းကွေး၊ မျဉ်းဖြောင့်၊ မတ်မျဉ်း၊ စက်ဝိုင်းပုံ၊ တြိဂံပုံ စသည်တို့ဖြင့် အခြေခံတည်ဆောက်ရေးဆွဲမည့် အကြောင်းအရာများနှင့် ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။

